
စိတ်ကူးချိုချိုအနုပညာ

# မြတ်ငြိမ်း

## သားကောင်းသမီးမွန် ထူးချွန်အောင်မြင်ရေး

အနာဂတ်ခေါင်းဆောင် လူငယ်များကို မည်သို့
လေ့ကျင့် မွေးထုတ် ပျိုးထောင်ပြုကြမည်ကို
ကမ္ဘာ့နိုင်ငံများနှင့်ယှဉ်၍ တိုက်ရိုက်သော်လည်းကောင်း
သွယ်ဝိုက်သော်လည်းကောင်း
ချဉ်းကပ်လမ်းညွှန်ဆွေးနွေးချက် ဆောင်းပါးများ။



mgyoe.com

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

အနာဂတ်ကာလတွင်
ထူးချွန်ပြောင်မြောက်သော
အမြော်အမြင်ကြီးပြီး
အောင်မြင်သော လူငယ်ခေါင်းဆောင်များ
ပေါ်ထွန်းရေးသို့ . . .

# မြတ်ငြိမ်း

## သားကောင်းသမီးမွန်
## ထူးချွန်အောင်မြင်ရေး

အနာဂတ်ခေါင်းဆောင် လူငယ်များကို မည်သို့
လေ့ကျင့် မွေးထုတ် ပျိုးထောင်ပြုကြမည်ကို
ကမ္ဘာ့နိုင်ငံများနှင့်ယှဉ်၍ တိုက်ရိုက်သော်လည်းကောင်း
သွယ်ဝိုက်သော်လည်းကောင်း
ချဉ်းကပ်လမ်းညွှန်ဆွေးနွေးချက် ဆောင်းပါးများ။



ISBN9789997113481
MN10
9 789997 113481
1,800.00KS

mgyoe.com

mgyoe.com

သားကောင်းသမီးမွန်ထူးချွန်အောင်မြင်ရေး မြတ်ငြိမ်း
စာမျက်နှာ ၁၆၀+ မျက်နှာ၊ ၁၂·၈စင်တီ× ၁၈·၅စင်တီ

ထုတ်ဝေသူ - ဦးစန်ဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ ဇွန်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ အုပ်ရေ ၅၀၀၊
၂၀၀၁ စည်သူစိုးစာအုပ်တိုက်၏ ဒုတိယအကြိမ်မူ။

ရောင်းဈေး 1 8 0 0 ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# သားကောင်းသမီးမွန် ထူးချွန်အောင်မြင်ရေး

## မြွတ်ငြိမ်း

မြန်မာပြန်ဆောင်းပါးများ

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သင့်ကလေးကို ခေါင်းဆောင်ဖြစ်အောင် ပျိုးထောင်ပါ | ၁ |
| ၂။ | အိမ်တွင်းကျောင်း | ၁၇ |
| ၃။ | အဖေတစ်ယောက် သားတစ်ယောက်နှင့် အဖြေတစ်ခု | ၄၃ |
| ၄။ | တစ်နေ့အတွင်း အရေးကြီးဆုံးအချိန် | ၄၈ |
| ၅။ | မိဘများ အမှားကြီးမှားသည့် စည်းစနစ်များ | ၆၂ |
| ၆။ | ဆေးလိပ် မသောက်မိစေရအောင် | ၇၆ |
| ၇။ | အပေါင်းအသင်း နှိပ်စက်မှုဒဏ် မခံရအောင် | ၈၇ |
| ၈။ | ကလေးနှင့် ပိုက်ဆံ | ၉၉ |
| ၉။ | အရှိကို အရှိအတိုင်း | ၁၁၁ |
| ၁၀။ | သားသမီးမကောင်း မိဘခေါင်း | ၁၂၁ |
| ၁၁။ | ထိပ်တန်းဆရာ၊ ဆရာမများ ပြောသည့်နည်းများ | ၁၃၅ |
| ၁၂။ | ဦးဦးကြားဖူးသလို ပြောဆိုပါမည် | ၁၄၉ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘာသာပြန်သူ၏ အမှာ

အနာဂတ်ကာလသည် လူငယ်များ၏ လက်ထဲတွင် ရှိသည်ဟူသော အဆိုအမိန့်တစ်ရပ် ရှိပါသည်။ ယင်းအဆိုအမိန့်ကို ယုံကြည်လက်ခံသောအားဖြင့် တစ်နည်းဆိုသော် အနာဂတ်ကာလတွင် ထူးချွန်ပြောင်မြောက်သော အမြော်အမြင် ကြီးပြီး အောင်မြင်သော လူငယ်ခေါင်းဆောင်များ ပေါ်ထွန်းရေးကို ရည်စူးလျက် ဤစာအုပ်ကို ထုတ်ဝေခြင်း ဖြစ်ပါသည်။ ထိုသို့သော ဂုဏ်အရည်အချင်းများဖြင့် ပြည့်စုံသည့် လူငယ်ခေါင်းဆောင်များ ပေါ်ထွန်းရေးအတွက် အဓိကတာဝန်ရှိသူများမှာ လက်ဦးဆရာ မည်ထိုက်စွာသော မိဘများပင် ဖြစ်ပါသည်။ သို့ဖြစ်ရာ သားကောင်းသမီးမွန်များ မွေးထုတ်လိုသည့် မိဘများ ဖတ်သင့်ဖတ်ထိုက်သည့် စာအုပ် ဖြစ်ပါသည်။

ဤစာအုပ်ပါ ဆောင်းပါးများမှာ ဘာသာပြန်ဆောင်းပါးများ ဖြစ်ပါသည်။ ဤဆောင်းပါးများကို ဖတ်ခြင်းဖြင့် အခြားနိုင်ငံများတွင် ရင်သွေးလူငယ်ပျိုးထောင်ရေးကို မည်သို့ အလေးပေးဆောင်ရွက်နေကြကြောင်း အကဲခတ်နိုင်မည် ဖြစ်၏။ တင်ပြထားသည့် ဥပမာနှင့် အထောက်အထားအချို့မှာ သူတို့နိုင်ငံများ၏ ယဉ်ကျေးမှု

mgyoe.com

mgyoe.com



ဓလေ့စရိုက်များအရ ဖြစ်နေရာ မြန်မာ့ယဉ်ကျေးမှု၊ ဓလေ့စရိုက်များနှင့် ကွာဟချက်များကို တွေ့မြင်ရမည်ဖြစ်၏။ သို့ဖြစ်ရာ တင်ပြထားသည့် အကြံပေး လမ်းညွှန်ချက်အားလုံးကို ခြွင်းချက်မရှိ လိုက်နာသင့်သည် ဟု မယူဆပါ။ မိမိ၏ အနေအထားနှင့် ချိန်ထိုးပြီး သင့်သည်ကို ယူ၊ မသင့်သည်ကို ပယ်ရန် ဖြစ်ပါသည်။ အကြံပေးချက် အများစုမှာမူ တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်ချဉ်းကပ်၍ လည်းကောင်း အသုံးချ၍ ရနိုင်သည်ဟု ယူဆပါသည်။

ဆောင်းပါးအချို့မှာ ရွှေဝတ်မှုန်မဂ္ဂဇင်း၊ ဂျီအီးစီမဂ္ဂဇင်းနှင့် တော်ဝင် ဂျာနယ်တို့တွင် ဖော်ပြပြီးဖြစ်ပြီး ၆ ဆောင်းပါးအသစ်များဖြင့် လည်း အားဖြည့်ထားကြောင်း တင်ပြအပ်ပါသည်။

*စာချစ်သူများအား လေးစားလျက်*

မြတ်ငြိမ်း

mgyoe.com

mgyoe.com

# သင့်ကလေးကို
# ခေါင်းဆောင်ဖြစ်အောင် ပျိုးထောင်ပါ

တောင်ပေါ်ဒေသတစ်ခုသို့ ပျော်ပွဲစားခရီး ထွက်သည့် မိန်းကလေးတစ်သိုက်သည် မျက်စိလည်လမ်းမှားပြီး အဆိုပါတောင်ပေါ်မြေမြင့်မှာပင် အထိတ်ထိတ်အလန့်လန့်ဖြင့် တစ်ညတာကာလကို လွန်မြောက်ခဲ့ကြရ၏။ ထို့နောက် သူတို့တစ်ဖွဲ့လုံး ယောင်လည်စမ်းတဝါးဖြင့် ခြေဦးတည့်ရာ လျှောက်သွားနေကြသည်။ အားနွဲ့သူအားလုံးပင် အအေးဒဏ်၊ စိုထိုင်းမှုဒဏ်၊ ဆာလောင်မွတ်သိပ်မှုဒဏ်ကို ခံစားနေကြရပြီ ဖြစ်၏။

"သူတို့ ငါတို့ကို ဘယ်တော့မှ ရှာလို့တွေ့မှာ မဟုတ်တော့ဘူး၊ ငါတို့အားလုံး သေရတော့မယ်"

ကောင်မလေးတစ်ယောက်က ရှိုက်ငင်ငိုကြွေးရင်း ပြော၏။ ထိုအခါ ၁၁ နှစ်သမီးအရွယ်ရှိ 'အီဗန်နဲလ်တောင်း'က ရှေ့သို့ တိုးထွက်လာကာ 'ငါကတော့ အသေမခံဘူး'ဟု ခိုင်မာပြတ်သားစွာ ပြောလိုက်သည်။

"ငါ ကြားဖူးထားတာတစ်ခု ရှိတယ်၊ စမ်းချောင်းသေးသေးကလေးတစ်ခုအတိုင်း ငါတို့ လိုက်လျှောက်သွားရင် ပိုပြီးကြီးတဲ့ ချောင်းကို

mgyoe.com

mgyoe.com


ရောက်မယ်၊ အဲဒီချောင်းကြီးအတိုင်း ဆက်လိုက်သွားရင် ရွာတစ်ရွာ၊ မြို့တစ်မြို့ကို ရောက်ရောတဲ့၊ ငါတော့ ငါတို့တွေ့ထားတဲ့ စမ်းချောင်း အတိုင်း လိုက်သွားမယ်၊ နင်တို့ ငါနဲ့အတူ လိုက်ချင်တယ်ဆိုရင် လိုက်နိုင်တယ်''

အီဗန်နဲလ်က ယတိပြတ် ပြောပြီး စမ်းချောင်းကလေးရှိရာသို့ သွားရန် တောအုပ်ထဲသို့ တိုးဝင်သည်။ အခြားသူများက သူ့နောက်မှ လိုက်ကြသည်။ သူတို့သည် ချုံနွယ်ပိတ်ပေါင်းများကို ထိုးဖောက် ဖယ်ရှားကာ တစ်စထက်တစ်စ ကျယ်ပြန့်ကြီးမားလာသည့် ချောင်း အတိုင်း ငါးနာရီကျော် စုန်ပြီး လိုက်သွားကြသည်။ နောက်ဆုံးတွင် လူသံသူသံများကို ကြားကြရသည်။ သူတို့အုပ်စု၏ အော်ဟစ်အကူအညီတောင်းသံများကို ကြားရသဖြင့် သူတို့ဆီသို့ ကယ်ဆယ်သူများ ရောက်လာသည်။ သတ္တိရှိပြီး ဖြတ်ထိုးဉာဏ်ကောင်းသော ဆယ်ကျော်သက်ရွယ် ကောင်မလေးတစ်ယောက်က သူတို့အုပ်စုတစ်စုလုံးကို ဘေးကင်းရာသို့ ဦးဆောင်လမ်းပြနိုင်ခဲ့လေသည်။

အဆိုပါဇာတ်လမ်းကို ပြန်ပြောပြသောအခါ လူတွေက အီဗန်နဲလ်သည် 'ခေါင်းဆောင်ဖြစ်ဖို့ ကံပါလာသူ' ဟု ဆိုကြ၏။ သူတို့အမြင်တွင် အီဗန်နဲလ်ကဲ့သို့သောသူများသည် မွေးကတည်းက ခေါင်းဆောင်ဖြစ်ဖို့ ကံပါလာသူများဖြစ်ပြီး အခြားအခြားသောသူများကတော့ နောက်လိုက်ငယ်သားဖြစ်ဖို့ ကံပါလာသူများ ဖြစ်သည်ဆို၏။

စင်စစ် ထိုသို့ မဟုတ်ပါ။ ခေါင်းဆောင်များသည် မိုးကျရွှေကိုယ်များ မဟုတ်။ ခေါင်းဆောင်အဖြစ် မွေးဖွားလာသူများ မဟုတ်။ သူတို့သည် ခေါင်းဆောင်များဖြစ်အောင် ဆောက်တည်လာသူများသာ ဖြစ်၏။ အားကစားသမားများ၊ စာသင်သားများ၊ လေတပ်ဗိုလ်လောင်းများ၊ ကုမ္ပဏီမန်နေဂျာများနှင့် တွေ့ဆုံသုတေသနပြုရာမှ ထွက်ပေါ်

mgyoe.com

mgyoe.com


လာသော အမြေများက ကျွန်တော့်အား အထက်ပါအတိုင်း ယုံကြည် လက်ခံစေခဲ့ပါသည်။

အဖွဲ့အစည်းများကို ဦးစီးကြိုးကိုင်နေသူများ၊ လူ့အသိုက်အဝန်း ကို ဦးဆောင်ဦးရွက်ပြုနေသူများ၊ အားကစားအသင်းများကို ခေါင်း ဆောင်နေသူများ စသည့် ထိပ်တန်းခေါင်းဆောင် အမျိုးသား၊ အမျိုး သမီးများ ရှိ၏။ သူတို့ကား အခြားမဟုတ်။ တာဝန်သိသော၊ ဝတ္တရား ကျေသော မိဘများက ပျိုးထောင်ပေးလိုက်သည့်အတွက် ဖြစ်ထွန်း လာသည့် အသီးအပွင့်များသာ ဖြစ်၏။

အဆိုပါ မိဘများ လိုက်နာကျင့်ကြံခဲ့သည့် ကျင့်ထုံးများမှာ ရိုး ရိုးစင်းစင်း ကျင့်ထုံးများပင် ဖြစ်၏။ ယင်းကျင့်ထုံးများက ခေါင်း ဆောင်စိတ်ဓာတ် ဖွံ့ဖြိုးရင့်သန်လာအောင် အထောက်အကူ ပေးနိုင် ၏။ ခေါင်းဆောင်စိတ်ဓာတ်ဆိုသည်မှာ စိတ်ဓာတ်ကြံ့ခိုင်ခြင်းနှင့် လွတ်လပ်စွာ တွေးခေါ်ဆင်ခြင်တတ်ခြင်းပင် ဖြစ်ပါသည်။ အဆိုပါ မိဘများ၏ သားသမီးများသည် အပေါင်းအသင်းများ၏ ဖွတ်အတင်း တိုက်တွန်းသိမ်းသွင်းမှုများကို အညံ့မခံ။ အလျှော့မပေး။ သူတို့သည် သူတို့၏ ယုံကြည်ချက်များအတိုင်းသာ ပြုမူကျင့်ကြံ၏။

ခေါင်းဆောင်စိတ်ဓာတ်က ယနေ့အတွက်ကော နက်ဖြန်အတွက် ပါ အကျိုးကျေးဇူးများ ဖြစ်ထွန်းစေပါသည်။ လူတစ်ဦး လူ့လောက အလယ်တွင် လူတစ်လုံးသူတစ်လုံး ဖြစ်လာမည်။ ဖြစ်မလာမည်ကို လူငယ်ဘဝက စာသင်ခန်းအတွင်းနှင့် စာသင်ခန်းပြင်ပ လှုပ်ရှားမှုများ တွင် ပြသခဲ့သော ငယ်ဘဝ ခေါင်းဆောင်မှု အရည်အချင်းကို ကြည့် ပြီး အကဲဖြတ်နိုင်ပါသည်။ ယောက်ျားလေးဖြစ်စေ၊ မိန်းကလေးဖြစ်စေ လူတစ်ဦး၏ အနာဂတ်ဘဝအောင်မြင်ရေးကို ကြိုတင် ဟောကိန်းထုတ် ရာ၌ သူ၏ဉာဏ်ရည်နှင့် ကျောင်းပညာအဆင့်အတန်းများအပေါ်

mgyoe.com

mgyoe.com


အခြေတည်စဉ်းစားခြင်းထက် သူ၏ငယ်ဘဝ ခေါင်းဆောင်မှုအရည်အချင်းအပေါ် အခြေတည်စဉ်းစားခြင်းက ပို၍ တိကျမှန်ကန်ပါသည်။

မကြာမီက ကလေးထိန်းကျောင်း ဆရာ၊ ဆရာမတစ်စုနှင့် ကျွန်တော် တွေ့ဆုံခဲ့သည်။ သူတို့ ထိန်းကျောင်းသင်ကြားပေးနေသည့် အသက် လေးနှစ်၊ ငါးနှစ်အရွယ် တပည့်တွေထဲမှ ခေါင်းဆောင်ကလေးများကို ရွေးထုတ်နိုင်ပါသလားဟု သူတို့ကို ကျွန်တော်က မေးသည်။ သူတို့က 'ရွေးထုတ်နိုင်တာပေါ့'ဟု ဖြေသည်။ အဆိုပါခေါင်းဆောင်ကလေးတွေသည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသည်။ လူကြီးများကိုရော ကျောင်းနေဘက်များကိုပါ လေးလေးစားစား ဆက်ဆံသည်။ ကစားစရာအရုပ်များကို လိုလိုလားလား မျှဝေကစားသည်။ အမြဲလို ကြည်သာရွှင်ပျသော စိတ်ဓာတ်ရှိသည်။ အရာရာကို သိလိုမြင်လို တတ်သိလိုသည်။ ပြီးတော့ ရှေ့ဆောင်လမ်းပြလုပ်တတ်သည်။ ဘယ်အခါမဆို စီမံကိန်းတစ်ခုကို စတင်အကောင်အထည်ဖော်သူများကို ကြည့်လိုက်လျှင် သူတို့သာ ဖြစ်နေ၏။ အခြားအခြားသော ကလေးများက သူတို့ကို စောင့်ကြည့်သည်။ ပြီးတော့ သူတို့၏ ဦးဆောင်မှုနောက်သို့ လိုက်ကြသည်။ ထို့ပြင် အခြားအရည်အချင်းအားလုံးထက် သိသာသည်မှာ သူတို့၏ စိတ်အားထက်သန်မှုသည် အခြားတစ်ပါးသူများသို့ ကူးစက်ပြန့်ပွားစေနိုင်စွမ်းရှိခြင်းပင်ဖြစ်၏။

ခေါင်းဆောင်အရည်အသွေးနှင့် ပတ်သက်ပြီး ဆယ်ကျော်သက်ရွယ်ကောင်လေး ၆၅ ဦးကို ကျွန်တော် မေးမြန်းလေ့လာကြည့်ခဲ့၏၊ သူတို့က သူတို့၏ ခေါင်းဆောင်မှုများအကြောင်း ပုံဖော်ပြောပြရာ၌ သူတို့သုံးနှုန်းသော ဝေါဟာရအားလုံးနီးပါးသည် တူညီနေသည်ကို တွေ့ရ၏။

''သူတို့က အရမ်း ပြုံးရယ်ရွှင်ပျရှိတာပဲ'' ဟု ကောင်လေးတစ်ယောက်က ပြော၏။ သူကပင် ဆက်လက်၍-

mgyoe.com

"သူတို့ကို ကြည့်ရတာ စိတ်ချမ်းသာလက်ချမ်းသာ ရှိနေပုံပဲ၊ နောက်ပြီး သူတို့က တခြားလူတွေကိုလည်း စိတ်ချမ်းသာလက်ချမ်းသာ ဖြစ်စေပါတယ်"

သို့ဖြစ်ရာ သင့်ကလေးတွင် ခေါင်းဆောင်စိတ်ဓာတ် ရှိလာအောင် "သင့်အနေဖြင့် ဘယ်ပုံဘယ်နည်း ပျိုးထောင်ပေးနိုင်ပါသလဲ" လျှို့ဝှက်ချက် ရှစ်ချက်ကို အောက်တွင် ဖော်ပြအပ်ပါသည်။

## အားပေးချီးမြှင့်သူ ဖြစ်ပါစေ

"ဒါကို သား လုပ်နိုင်တယ်ဆိုတာ ဖေဖေ သိတာပေါ့" ဟူသော စကားမျိုးအပြောခံရသောအခါ ကလေးငယ်တစ်ဦးတွင် ကိုယ့်ကိုယ့်ကိုယ် ယုံကြည်စိတ်ချမှုများ ပေါက်ဖွားလာပါသည်။ ထို့နောက်တွင်မှ

"ဟာ... သား လုပ်ပြလိုက်ပြီ၊ အရမ်းတော်တာပဲဟေ့" ဟူသော စကားမျိုး။

ကလေးငယ်တစ်ဦးသည် သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုများ တစ်စထက်တစ်စ တိုးတက်ခိုင်မာလာအောင် တည်ဆောက်ခြင်းကို သူ၏လှမ်းတတ်စ ပထမခြေလှမ်းများဖြင့် စတင်ပါသည်။ ခြေလှမ်း လှမ်းတတ်စ သင့်ရင်သွေးငယ်က သင့်ဆီကို ဒယီးဒယိုင် ပြေးလာမည်။ ချီးကျူးကြိုဆိုသည့်သဘောဖြင့် လက်ကမ်းနေသော သင့်ရင်ခွင်ထဲသို့ အောင်နိုင်ဝင့်ကြွားစွာ ပြေးဝင်မည်။ ဤကား သူအဖို့ မဟာအောင်ပွဲအမှတ် ၁ ဖြစ်နေ၏။ သူက ဤအောင်ပွဲ၏ အရသာကို တမြိန့်မြိန့် ခံစားမည်ဖြစ်၏။ နောက်ဆက်တွဲ ပေါ်ပေါက်လာမည့် အောင်မြင်မှု ကလေးတစ်ခုတိုင်းက အခြားအောင်မြင်မှုများ ဆင့်ကဲပေါ်ပေါက်လာအောင် ရှေ့ဆောင်လမ်းပြသွားပါမည်။

mgyoe.com

mgyoe.com


သို့ဖြစ်ရာ ချီးကျူးစကား မဆိုရလောက်အောင် သေးမွှားသည့် အောင်မြင်မှုဟူ၍ မရှိပါ။ ဤသို့ ဆိုသည့်အတွက် သင့်အနေဖြင့် စိတ်ထဲက မပါသည့်တိုင် ချီးကျူးစကားများကို ဟောင်ဖွာဟောင်ဖွာ ပြောနေရမည် သို့မဟုတ် ဝေဖန်ထောက်ပြမှုများ မပြုလုပ်ရဟု မဆိုလို။ ဝေဖန်ရေးကို ချီးကျူးစကား လမ်းညွှန်ချက်များနှင့်အတူ တွဲပြီး ပြုလုပ်သင့်ပါသည်။

လူငယ်ဘောလုံးပွဲများအပြီးတွင် အားမလိုအားမရ ဖြစ်နေသည့် ဖခင်များက သူတို့၏ ကလေးများကို "အံ့ရောကွာ၊ မင်း လွယ်လွယ်လေး သွင်းနိုင်တဲ့ဂိုး နှစ်ဂိုးတောင် လွဲတယ်ကွ" ဟူသော စကားမျိုး မကြာမကြာ ပြောတတ်ကြ၏။ ကျွန်ုပ် ပြောသည်ကို ယုံပါ။ သင့်သမီးသည် သူလွဲချော်ခဲ့သည်ကို သိပါသည်။ သူ့ကို အစပြန်ဖော်ပေးနေဖို့ မလိုပါ။ ထို့ကြောင့် ထိုသို့ ပြောမည့်အစား သူ၏ အားထုတ်ကြိုးပမ်းမှုများကို ချီးကျူးစကား ဆိုလိုက်ပါ။

"ဂိုးပေါက်ဆီကို သမီး ဘောလုံး သယ်သွားတာ ကောင်းတယ်ကွ၊ ဖေဖေ ကြိုက်တယ်၊ ညည်း အကြီးအကျယ် ထိုးဖောက်နိုင်တာပဲ"

ထို့နောက်တွင်မှ -

"နက်ဖြန်ညနေကျ တို့များ ထပ်ပြီး လေ့ကျင့်ကြရအောင်လေ၊ သမီး ဒီ့ထက် ဂိုးသွင်းမှန်လာအောင် လုပ်လို့ရတယ်ဆိုတာ ဖေဖေ ယုံတယ်" ဟူသော လမ်းညွှန်ချက်မျိုးကို ပြောပါ။

## စူးစမ်းရှာဖွေဖော်ထုတ်ပါစေ

ဆောင်းအကုန် နွေအကူး တစ်နေ့တွင် မိုးရေထဲနစ်နေသည့် နံဘေးခြံရှေ့ပိုင်း၌ ကလေးမလေးတစ်ယောက် ကျောက်တုံးတစ်တုံး တူးဖော်နေသည်ကို ကျွန်ုပ် ကြည့်နေမိ၏။ ကလေးမလေးက သူ့ ဖခင်ဆီသို့ ပြေးသွားသည်။

mgyoe.com

mgyoe.com


''ဖေဖေ၊ သမီးတွေ့လာတဲ့ ဒီကျောက်တုံးကို ကြည့်စမ်း၊ လှလိုက်တာနော်''

ဖခင်ဖြစ်သူ သမီးငယ်အား မနှစ်မြို့စွာ ကြည့်ကာ-

''သမီး တစ်ကိုယ်လုံး ရွံ့တွေ ပေကျံကုန်ပြီ'' ဟု ပြောလိုက်၏။ ကလေးမလေး၏ မျက်နှာ ညှိုးသွားသည်။ သူက သူ့လက်ထဲတွင် အမြတ်တနိုး ကိုင်ထားသော ကျောက်တုံးကြီးကို စိတ်မချမ်းမြေ့စွာဖြင့် ပစ်ချလိုက်၏။ ပြီးတော့ အိမ်ထဲသို့ ဝင်သွားသည်။

သူ့ဖခင်အနေဖြင့် မည်သည့်စကားမျိုး ပြောသင့်ပါသလဲ။

''အေးကွယ်၊ ကျောက်တုံးကြီးက လှမှလှပဲ၊ တို့များ သေသေချာချာ ကြည့်လို့ရအောင် ရေဆေးလိုက်ကြရအောင်လေ၊ ပြီးရင် ဖေဖေက သမီးကို ဂေါ်ပြားနဲ့ လက်အိတ်တွေ ထုတ်ပေးမယ်၊ ဒါဆို ဒီ့ထက်လှတဲ့ ကျောက်တုံးတွေ သမီး နောက်ထပ် တွေ့ချင်တွေ့လာမှာပေါ့'' ဟူသော စကားမျိုး ပြောလျှင်ကော။ တကယ်တော့ ပေကျံနေသည့် ရွံ့များကို ရေဖြင့် ဆေးကြောဖျောက်ဖျက်ပစ်၍ရပါသည်။ ကလေးငယ်၏ အတွေးအာရုံထဲတွင် စွဲထင်ကျန်နေသည့် အမှတ်အသားကား တော်တော်နှင့် ပျောက်ပျက်မည် မဟုတ်တော့ပါ။

ကလေးများ (လူကြီးများလည်း အပါအဝင်)သည် စူးစမ်းရှာဖွေဖော်ထုတ်ဖို့ လိုလိုချင်ချင်ရှိသူ၊ စိန်ခေါ်ချက်များကို ရင်ဆိုင်တတ်သူ တစ်စုံတစ်ယောက်အား လေးစားကြည်ညိုကြ၏။ ထိုသူကို အတုယူကြ၏။ သို့တိုင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကလေးများအား မစွန့်စားဖို့၊ အေးအေးဆေးဆေးနေဖို့ ကြိမ်ဖန်များစွာ သွန်သင်နေကြ၏။

စာကို ကောင်းကောင်းဖတ်နေပြီဖြစ်သော သူငယ်တန်းကျောင်းသားသစ်နှစ်ယောက်အကြောင်းကို မူလတန်းကျောင်းဆရာမတစ်ဦးက ပြောပြ၏။ ဆရာမက ကလေးနှစ်ယောက်အား အဆင့်မြင့်စာဖတ်ခြင်း

mgyoe.com

mgyoe.com


အထူးသင်တန်းတွင် တက်မည်လားဟု မေးသည်။ ကလေးတစ်ယောက်က စိတ်အားထက်သန်စွာဖြင့် ခေါင်းညိတ်သည်။ ကျန်တစ်ယောက်ကမူ အခြားကျောင်းဝင်စ လူသစ်များအတန်းမှာပင် နေခဲ့မည်ဟု ဆိုသည်။ စိတ်မချမ်းသာစရာကောင်းသည်မှာ အဆိုပါကလေး၏ ဆုံးဖြတ်ချက်ကို သူ့မိဘများကပါ ထောက်ခံခြင်းဖြစ်၏။

"ဒီတော့ ဒီကလေးနှစ်ယောက်မှာ ဘယ်ကလေးက ခေါင်းဆောင် ဖြစ်လာမလဲဆိုတာ ရှင် မှန်းကြည့်လို့ရပါတယ်"

ဟု ဆရာမ က ကျွန်ုပ်အား ပြောပြလိုက်လေသည်။

## အောင်မြင်မှုကို အာရုံစိုက်ခိုင်းပါ

မကြာမီက အလားအလာကောင်းသော ၁၂ နှစ်သမီးအရွယ် ကျွမ်းဘားမယ်ကလေးတစ်ယောက် ကျွန်ုပ်ဆီသို့ ရောက်လာပြီး အကူအညီတောင်းသည်။ သူ့တွင် အနာဂတ် အိုလံပစ်ဆုရှင် ဖြစ်နိုင်သည့် အရည်အချင်းအားလုံး ပြည့်စုံသည်။ သို့တိုင် သူသည် အရည်အချင်းရှိသလောက် အစွမ်းပြနိုင်ဟန် မရှိ။ ကျွန်ုပ်က သူ့အား လက်ပစ်မြားလေးချောင်း ထုတ်ပေးပြီး ရုံးခန်း၏တစ်ဖက် နံရံပေါ်ရှိ ပစ်မှတ်ကို ပစ်ခိုင်းလိုက်၏။ သူက ကျွန်ုပ်အား စိုးရိမ်ပူပန်စွာ ကြည့်ပြီး

"လွဲသွားရင် ဘယ့်နှယ်လုပ်မလဲ"

ဟု မေးသည်။ အဆိုပါစကားစုကလေးက သူ၏ ကျေနပ်အားရဖွယ်မရှိသော အားကစားမယ်ဘဝကို ပေါင်းချုပ်ဖော်ပြနေ၏။ သူသည် အောင်မြင်အောင် ဘယ်လိုလုပ်မည်လဲဟူသည့် အချက်ပေါ်တွင် အာရုံစူးစိုက်မထားဘဲ ရှုံးနိမ့်သွားလျှင် ဘယ်လို လုပ်မလဲဟူသည့် အချက်ကို ပူပန်သောက ဖြစ်နေသည်။

mgyoe.com

သင့်ကလေးအား အောင်မြင်မှုများကို အာရုံခံကြည့်ခိုင်းပါ။ အခက်အခဲ၊ အတားအဆီးများကို အာရုံမခံပါစေနှင့်။ အောင်မြင်မှုကို ဆည်းကပ်ကိုးကွယ်သည့် သူသည်သာ အခြားသူများအပေါ် ဩဇာလွှမ်းမိုးနိုင်သူ ဖြစ်၏။ အခြားသူများ သူ့နောက်မှ လိုက်ချင်စိတ်ပေါ်လာအောင် လှုံ့ဆော်နိုင်သူ ဖြစ်၏။

ကျွန်ုပ်တို့သည် ကလေးတစ်ယောက်အား အမှားများ၊ ယင်းအမှားများကြောင့် ဖြစ်လာမည့် အကျိုးဆက်များ၊ ယင်းမှပေးသည့် သင်ခန်းစာများနှင့် ကင်းဝေးစေရန် အဆိုပါ ကလေး၏ ရှေ့မှ ဝင်ပြီး ကာဆီးကာဆီး လုပ်ကြသည်မှာ ကြိမ်ဖန်များစွာ ဖြစ်၏။ တည်ကြည်မြဲမြံသည့် ဆုံးဖြတ်ချက်ကို ရင်ဝယ်ပိုက်ထားသည့် ကလေးသည် သူ့ရည်မှန်းချက် အောင်မြင်အောင် ကြိုးစားမည်၊ ထင်တိုင်းမပေါက်ဖြစ်မည်။ သူ့အမှားများကို ပြင်မည်။ မာန်သွင်းပြီး ထပ်မံ ကြိုးစားအားထုတ်မည်ဟူသည့် ကလေးမျိုး ဖြစ်၏။

လူတစ်ဦးသည် အချိန်အခါ၏ တောင်းဆိုချက်အရ ဖြစ်ပေါ်လာသည့် အခြေအနေတစ်ရပ်ကို ဖြေရှင်းဖို့ ရင်ဆိုင်၏။ အခက်အခဲများကို စိန်ခေါ်၏။ သို့ ရင်ဆိုင်စိန်ခေါ်ရာ၌ သူသည် ရှုံးနိမ့်ကောင်း ရှုံးနိမ့်သွားနိုင်သည်။ သို့ ရှုံးနိမ့်သွားသည့်တိုင် ထိုသူသည် လူများ၏ လေးစားကြည်ညိုစိတ်ကို ညှို့ယူဖမ်းစားနိုင်လေသည်။

## သူတို့၏ စိတ်ကူးယဉ်အတွေးများကို နားထောင်ပါ

သင့်သမီးက အိမ်သို့ပြန်လာပြီး သူကြီးလာလျှင် နွားရိုင်းသတ်သမ လုပ်မည်ဟု ကြေညာမည်။ သို့မဟုတ် သင့်သားက ရုပ်ရှင်တွေထဲက လူစားထိုး စွန့်စားခန်းသရုပ်ဆောင် (စတန့်သမား) ဖြစ်ချင်သည်ဟု ပြောမည်။ အဆိုပါ စိတ်ကူးယဉ်အတွေးနှစ်မျိုးစလုံးသည် သူတို့၏

mgyoe.com

mgyoe.com

အနာဂတ်ဘဝအတွက် သင့်စိတ်ထဲမှာ မှန်းထားသည့် မှန်းချက်များနှင့် တခြားစီ ဖြစ်နေ၏။ သို့ဆိုလျှင် သင် ဘာပြောမည်လဲ။

''မိန်းကလေးတွေ ဒီအလုပ်မျိုး မလုပ်ဘူးကွယ့်''

ဟု ပြောမည်လား။ သို့မဟုတ်-

''အဲဒီအလုပ်က အန္တရာယ် များလွန်းပါတယ် သားရယ်''

ဟု ပြောမည်လား။

တကယ်တော့ အပြောင်းအလဲဖြစ်လာစရာ အများကြီး ရှိပါသည်။ ကြီးလာလျှင် မြင်းစီး၊ နွားရိုင်းသတ်သမ ဖြစ်ချင်ပါသည်ဆိုသော သင့်သမီးသည် စိတ်ပြောင်းပြီး ဥပဒေသင်တန်းသို့ တက်နေပါလိမ့်မည်။ သားတော်မောင် မိုက်ရူးရဲကလေးသည်လည်း အတွေးလမ်းကြောင်း ပြောင်းပြီး စီးပွားရေးသမားဘဝကို ခံယူသွားပါလိမ့်မည်။ သူတို့၏ စိတ်ကူးယဉ်အိပ်မက်များသည် သင့်ဆန္ဒများနှင့် မည်မျှပင် ဟပ်စပ်ခြင်း မရှိစေကာမူ လောလောဆယ်အချိန်တွင် သူတို့ကို အားပေးအားမြှောက် ပြုလုပ်ပါ။

အရေးကြီးသည်မှာ အတွေး ကွန့်မြူးတတ်ဖို့ဖြစ်ပြီး လှပဆန်းကြယ်စွာ ကွန့်မြူးထားသည့် အဆိုပါအတွေးများ လက်တွေ့အကောင်အထည် ပေါ်လာအောင် ဘာတွေက အထောက်အကူ ပေးမည်လဲဟု စဉ်းစားတွေးခေါ်တတ်ရေးပင် ဖြစ်၏။

ခေါင်းဆောင်ဟူသည်မှာ အမြော်အမြင်ရှိသူဖြစ်ပြီး သူ၏ အသိအမြင်များကို အခြားသူများအား ရှင်းပြနိုင်သူဖြစ်ကာ ထိုသူများ သူ့လမ်းစဉ်အတိုင်း လိုက်နာလာအောင် စည်းရုံးလှုံ့ဆော်မိုးနိုင်သူဖြစ်သည်ဟု ပုံဖော်ကြပါသည်။

သို့သော် ပထမဦးဆုံးအဆင့်မှာ အိပ်မက် သို့မဟုတ် စိတ်ကူးယဉ်အတွေးပင် ဖြစ်ပါသည်။

mgyoe.com

ဒီလိုဆိုလျှင်ကောဟု မေးတတ်အောင် လေ့ကျင့်ပေးပါ

ကျွန်ုပ်၏ အိမ်အနီးရှိ ကလေးကစားကွင်းထဲတွင် လျှောစင်ပေါ်သို့ တက်ဖို့ ကြိုးစားနေသည့် ကလေးတစ်ယောက်ကို ကျွန်ုပ် ကြည့်နေမိ၏။ လျှောစင်၏ ပထမဆုံး လှေကားထစ်မှာ ကလေးငယ်အတွက် မြင့်လွန်းနေသည်။ ကလေးငယ်၏ ခြေထောက်ကလေးများက တိုလွန်းနေသည်။ သူက သူ့မိခင်ထံသို့ ပြေးသွားသည်။ သို့သော် မိခင်ဖြစ်သူက သူ့အား ချီမပြီး လှေကားထစ်ပေါ်သို့ တင်ပေးမည့်အစား ''ဘယ်လိုတက်ရင် ရနိုင်မလဲ'' ဟု မေးလိုက်၏။

သားငယ်က တစ်မိနစ်လောက် အကြံထုတ်နေသည်။ ပြီးမှ-

''သားရဲ့ လှည်းကလေးကို ဟိုနေရာအထိ ဆွဲသွားပြီး လှည်းပေါ်မှာ မတ်တတ်ရပ်လိုက်ရင်ကော မေမေ''

''လုပ်လေ''

သူ့မေမေက ပြောသည်။ သားငယ်က ပြောသည့်အတိုင်း လုပ်သည်။ နောက်ပိုင်းအလှည့်များမှာ လွယ်ကူချောမောသွားသည်။

''ဖြစ်နိုင်ခြေ အတွေး''သည် ခေါင်းဆောင်မှု၏ အမှတ်တံဆိပ်ဖြစ်၏။ ပြဿနာတစ်ရပ်ကို အသေးစိတ် စစ်ဆေးပြီး ယင်းပြဿနာကို မည်သို့ဖြေရှင်းရမည်ဖြစ်ကြောင်း သင်ကြားပြသသူများသည် အခြားသူများအား အမြဲတမ်း ဦးဆောင်လမ်းပြသွားသူများ ဖြစ်လေသည်။

ထို့ကြောင့် သင့်ကလေးအား-

''ငါ ဒါလုပ်လိုက်ရင် ဘာဖြစ်လာမလဲ''

''သားရဲ့ လှည်းကလေးကို ဟိုနေရာအထိ ဆွဲသွားရင်ကော''

စသည့် ''ဖြစ်နိုင်ခြေအတွေး'' ပါသည့် မေးခွန်းများ မေးလာအောင် အားပေးတိုက်တွန်းပါ။

mgyoe.com

mgyoe.com


**အခွင့်အလမ်း ပေးပါ**

ခေါင်းဆောင်မှု ထက်မြက်လာစေရန် အလေ့အကျင့် ပြုလုပ်ပေးဖို့ လိုအပ်ပါသည်။ ရှေ့တန်းဘောလုံးသမားတစ်ဦး ဂိုးသွင်းကောင်းအောင် ဂိုးသွင်းလေ့ကျင့်ရသကဲ့သို့ပင် ရည်မှန်းချက် မြင့်မားသော ခေါင်းဆောင်တစ်ဦးသည် ခေါင်းဆောင်မှုအရည်အသွေးများ တောက်ပြောင်လာအောင် လေ့ကျင့်နိုင်ရန် အခွင့်အလမ်းများ လိုအပ်၏။

ထို့ကြောင့် သင့်ကလေးများကို အားကစားအသင်းများ၊ ကင်းထောက်လူငယ်အဖွဲ့များ၊ ဘုရားကျောင်းဝတ်ပြုအဖွဲ့များ သို့မဟုတ် လူမှုရေးအသင်းအဖွဲ့များတွင် ပါဝင်လှုပ်ရှားနိုင်အောင် စာရင်းသွင်းပေးပါ။ အဆိုပါအသင်းအဖွဲ့များတွင် လူမှုဆက်ဆံရေးနှင့် ပတ်သက်သည့် အတွေ့အကြုံများ ရလာပါလိမ့်မည်။

ထို့ပြင် ရာထူးတစ်ခု လက်ကိုင်ထားချင်အောင်လည်း သူတို့ကို အားပေးပါ။ အားကစားအသင်းတစ်သင်း၏ ခေါင်းဆောင်တစ်ဦးသည် ခေါင်းဆောင်မှုအရည်အချင်းများကို ပြသရန် အခွင့်အလမ်းပေါင်းမြောက်မြားစွာ ရပါသည်။ ထိုနည်းတူစွာပင် ပြင်သစ်စာပေအသင်း ဥက္ကဋ္ဌ သို့မဟုတ် ကျောင်းသားကောင်စီအဖွဲ့ဝင် ဖြစ်နေခြင်းသည်လည်း ကိုယ်စွမ်းကိုယ်စ ပြသရန် အခွင့်အလမ်းများ ရနိုင်ပါသည်။

သို့သော် သင့်ကလေးများကို သူတို့ စိတ်အားထက်သန်သည့် နယ်ပယ်များတွင်သာ ခေါင်းဆောင်မှု ရအောင် အားထုတ်ကြိုးပမ်းပါစေ။ အချို့ကလေးများသည် ကစားကွင်းထဲတွင် ခေါင်းဆောင်များဖြစ်၏။ အချို့ကလေးများသည် စာသင်ခန်းထဲတွင် ခေါင်းဆောင်များဖြစ်၏။ လူတိုင်းသည် အကန်းခေါင်းဆောင် မဖြစ်နိုင်သလို ဖြစ်ချင်၍လည်း မရပါ။ သို့သော် စာရေးသည့်ဘက်တွင် ပါရမီပါသူတစ်ဦး

mgyoe.com

သည် ကျောင်းသတင်းစာတွင် အယ်ဒီတာ ဖြစ်လာနိုင်၏။ သို့မဟုတ် ငယ်ရွယ်နုပျိုသော ဗျူဟာမှူးကလေးတစ်ဦးသည် စစ်တုရင်အသင်းတွင် ဥက္ကဋ္ဌ ဖြစ်လာနိုင်၏။ မိမိနှင့် ယှဉ်ပါးကျွမ်းဝင်သည့် နယ်ပယ်တွင် ဝင်ရောက်လှုပ်ရှားခြင်းအားဖြင့် ခေါင်းဆောင်မှု အရည်အချင်း၏ အုတ်မြစ်ဖြစ်သည့် ယုံကြည်စိတ်ချမှုကို တိုးတက်ခိုင်မာစေပါသည်။

အချို့ကျောင်းများတွင် ခေါင်းဆောင်မှုသင်တန်းများ ပြုလုပ်သင်ကြားပေး၏။ အစည်းအဝေးတစ်ခုကို ဥက္ကဋ္ဌအဖြစ် ဦးစီးပြီး ကျင်းပသည့် နည်းပရိယာယ်များ၊ အစည်းအဝေးတက်သူအားလုံး ပါဝင်ဆွေးနွေးလာပြီး ဆွေးနွေးသူများ ဦးတည်ချက် မပျောက်အောင် ထိန်းနည်း၊ ထို့နောက် အားလုံး သဘောတူညီချက် ရအောင် စည်းရုံးနည်းတို့ကို ကလေးများအား သင်ကြားပြသပေးသည်။

ထိုသို့သော အရည်အချင်းများ ရရှိလာအောင် သင်သည် သင်၏ မိသားစုညစာထမင်းဝိုင်းတွင် လေ့ကျင့်ပေးနိုင်ပါသည်။ သင့်ကလေးအား ညစာထမင်းဝိုင်းတွင် အကြောင်းအရာတစ်ခုကို ဦးဆောင်ဆွေးနွေးခိုင်းပါ။ ကျန်ညီအစ်ကိုမောင်နှမများကို အလှည့်ကျဝင်ရောက်ဆွေးနွေးခိုင်းပါ။ သူတို့၏မှတ်ချက်များ၊ ဝေဖန်ချက်များကို နားထောင်ပါ။ ထို့နောက် အားလုံး သဘောတူသည့် အချက်များကို စုစည်းကောက်ချက်ဆွဲပါ။

## စည်းရုံးလှုံ့ဆော်ရေးမန်နေဂျာ ဖြစ်ပါစေ

ကျောင်းတွင် အတန်းခေါင်းဆောင်ရွေးပွဲ ရှိသည်။ သင့်သားသို့မဟုတ် သမီးကို အရွေးခံစေချင်သည်။ သင့်အနေဖြင့် ဗွတ်ဖန်တီး

mgyoe.com

mgyoe.com


ခြင်း မဟုတ်သည့်နည်းဖြင့် သင့်ကလေးအား ကူညီနိုင်ပါသည်။ ဥပမာအဖြစ်ပြရသော်အရာရှိများအတွက် ပြုလုပ်ပေးသည့်အုပ်ချုပ်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများတွင် အုပ်ချုပ်ရေးပိုင်းခေါင်းဆောင်မှု ရစေနိုင်သည့် ''လျှို့ဝှက်ချက်''တစ်ခုကို ထောက်ပြ၏။ ယင်းလျှို့ဝှက်ချက်မှာ အမှုထမ်းတစ်ဦးစီကို နေ့စဉ်နေ့တိုင်း ရိုးသားဖော်ရွေစွာဖြင့် နှုတ်ဆက်ပါဟူ၏။ ထိုနည်းတူစွာပင် ဖော်ရွေပွင့်လင်းသည့် ကလေးတစ်ယောက်သည် သူ့အသိုက်အဝန်းမှ အပေါင်းအသင်းများကိုသာ နှုတ်ဆက်သည် မဟုတ်ဘဲ အခြားသူများကိုပါ နှုတ်ဆက်တတ်သည် ဆိုပါလျှင် အဆိုပါကလေး ခေါင်းဆောင်ဖြစ်ဖို့ အလားအလာကောင်းသူဟု အချိန်တိုတိုအတွင်း အသိအမှတ်အပြုခံရပါသည်။

စာသင်ခန်းထဲတွင်လည်း ပွင့်ပွင့်လင်းလင်း ပြောဆိုဖို့ သင့်ကလေးအား အားပေးတိုက်တွန်းပါ။ အများသူငါရှေ့တွင် ရှိုးတိုးရှန့်တန့်မဖြစ်ဘဲ မိမိ၏အတွင်းသဘောကို ဖော်ပြတတ်ခြင်းသည် အဓိကကျသော ခေါင်းဆောင်မှုအရည်အသွေးတစ်ခု ဖြစ်၏။ သင့်ကလေးအား စာသင်ခန်းထဲတွင် ပြန်လည်ရွတ်ဆိုပြရမည့် အကြောင်းအရာများကို အိမ်မှာ လေ့ကျင့်ဇာတ်တိုက်ခိုင်းပါ။ သူ၏ အသံအတိုးအကျယ်၊ အမိပ္ပာယ်ဖော်ဆောင်နိုင်အား ကောင်း မကောင်း မျက်လုံးချင်း ဆက်သွယ်မှု အနေအထား စသည်တို့နှင့် ပတ်သက်၍ အကြံဉာဏ်များပေးပါ။

## အခြေခံစရိုက်လက္ခဏာသုံးရပ်ကို သင်ပေးပါ

မိသားစုဆိုင်ရာ စိတ်ပညာရှင် ဂျွန်ရိုစ်မန်က ဖော်ထုတ်တင်ပြခဲ့သည်မှာ မိဘများအနေဖြင့် မိမိတို့၏ကလေးအား အခြေခံစရိုက်လက္ခဏာသုံးရပ်ဖြစ်သောရိုသေလေးစားတတ်မှု၊ ထက်မြက်စွမ်းရည်ရှိမှုနှင့်

mgyoe.com

တာဝန်ယူတတ်မှုများ တိုးတက်ဖွံ့ဖြိုးလာအောင် လေ့ကျင့်ပျိုးထောင်ပေးသင့်သည် ဆို၏။ စည်းကမ်းဥပဒေများကို သဘောပေါက်နားလည်ပြီး လေးစားလိုက်နာခြင်း (ရိုသေလေးစားတတ်မှု)၊ အခက်အခဲအဟန့်အတားတစ်ခုနှင့် ရင်ဆိုင်ရသောအခါ ဆက်လက်ကြိုးစားတတ်ခြင်း၊ အကြံသစ်ဉာဏ်သစ်များ ထုတ်တတ်ခြင်း (ထက်မြက်စွမ်းရည်ရှိမှု) နှင့် မိမိတို့၏ လုပ်ဆောင်ချက်များ၊ အကျိုးဆက်များကို တာဝန်ယူရဲမှု (တာဝန်ယူတတ်မှု) စသည့် အခြေခံစရိုက်လက္ခဏာသုံးရပ်နှင့် ပြည့်စုံသူများအား လူအများက ခေါင်းဆောင်ဟူသော ဘွဲ့ထူးကို အပ်နှင်းကြပါသည်။

အချုပ်အားဖြင့်ဆိုရသော် အဓိကအရေးကြီးသည်မှာ သင်၏ စကားလုံးများ မဟုတ်။ သင်၏ စံနမူနာပြ လုပ်ရပ်များသာ ဖြစ်၏။ အကယ်၍ သင်သည် သင့်အိမ်နီးနားချင်းများအကြောင်း သို့မဟုတ် သင့်လုပ်ဖော်ကိုင်ဖက်များအကြောင်း အသေးအဖွဲကလေးများမှအစ အပြစ်တင်ပြောဆိုနေတတ်သည် ဆိုပါစို့။ သို့ဖြစ်ပါက သင့်သား သို့မဟုတ် သမီးတွင် အခြားသူများအား ရိုသေလေးစားတန်ဖိုးထားတတ်သည့် အကျင့်စရိုက် ဖွံ့ဖြိုးလာရေးကို သင် မျှော်လင့်၍ ရမည်မဟုတ်ပါ။ သင်က သင်ပေးရမည့် အခွန်အတုတ်များကို မပေးဘဲ ရှောင်တိမ်းနေသည် ဆိုပါလျှင် သင့်အနေဖြင့် သင့်ကလေးများအား တာဝန်ယူတတ်မှုအကြောင်း တရားချ၍ ရလိမ့်မည် မဟုတ်။

ခေါင်းဆောင်များအကြောင်း လေ့လာချက်အရ သိရသည်မှာ သူတို့၏ မိဘသည်လည်း ခေါင်းဆောင်မှုအရည်အချင်းများကို ပြသနိုင်သည် ဆို၏။ အဆိုပါမိဘများ၏ အမှုမဲ့အမှတ်မဲ့လုပ်ရပ်များသည် မကြာခဏဆိုသလို စံနမူနာပြလုပ်ရပ်များ ဖြစ်နေကြောင်းသိရ၏။ သူတို့က လူမှုရေးလုပ်ငန်းသည် အရေးကြီးသည်ဟု ယူဆကြ၏။ အခြားသူများအား ကူညီစောင့်ရှောက်ခြင်းသည် မလွှဲမရှောင် လုပ်ရမည့်

mgyoe.com

mgyoe.com

အလုပ်ဟု ခံယူကြ၏။ သူတို့သည် သူတို့၏ မိသားစုများအတွက် မျှော်မှန်းချက်များထား၏။ သို့မျှော်မှန်းရာ၌ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ ကြွယ်ဝမှုထက် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးများ အဆင့်အတန်း မြင့်မား ရေးကို ဦးစားပေးကြ၏။ သူတို့သည် အရေးအကြောင်း ကြုံလာလျှင် မိမိ၏ မိသားစုကို အခက်အခဲ အကျဉ်းအကျပ်ကြားမှ လွန်မြောက်အောင် ခေါ်ဆောင်သွားနိုင်သည့် စိတ်အင်အားကို ပြသနိုင်ကြ၏။

အာဟာရအကြောင်းကျွမ်းကျင်သူများက ကျွန်ုပ်တို့အား ပြောပြသည်မှာ ကျွန်ုပ်တို့ ကလေးကို ကျန်းမာဝဖြိုးစေလိုလျှင် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ကို ကျွေးရမည်ဟူ၏။ ဆိုလိုသည်မှာ သင်ထည့်သွင်းမြုပ်နှံသည်ကိုသာ သင် ပြန်၍ရပါမည်။ (သရက်စေ့ကို စိုက်လျှင် သရက်ပင်သာ ပေါက်မည်၊ လိမ္မော်ပင် မပေါက်) အဆိုပါဥပဒေသသည် အကျင့်စရိုက် ကောင်းမွန်ဖွံ့ဖြိုးအောင် ပျိုးထောင်ရာ၌လည်း အသုံးတည့်ပါသည်။ သင့်ကလေးအပေါ် သင် ထားရှိသည့် မေတ္တာတရားနှင့် စာနာမှုသည် သင့်ကလေး၏ စိတ်အင် အားနှင့် ယုံကြည်စိတ်ချရမှုများအဖြစ် ပြန်လည် ထွက်ပေါ်လာပါလိမ့် မည်။ စိတ်ဓာတ်ခိုင်မာခြင်းနှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုရှိ ခြင်းတို့ကို ဘာသာပြန်လိုက်လျှင် ခေါင်းဆောင်မှုအရည်အသွေးများဟု အဓိပ္ပာယ်ထွက်ပါသည်။

(၁၉၉၄ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ''ရီးဒါးစ်ဒိုင်ဂျက်'' မဂ္ဂဇင်းမှ John E. Anderson ၏ Make your child a leader ဆောင်းပါးကို ဘာသာပြန်ဆိုပါသည်)

mgyoe.com

mgyoe.com

# အိမ်တွင်းကျောင်း

ကလေးတစ်ယောက်သည် ကျောင်းစတက်ချိန်ကျမှ သင်ယူဆည်းပူးမှုများကို စတင်ပြုလုပ်သည်ဟု မိဘအတော်များများက ထင်မှတ်ယူဆထားကြ၏။ စင်စစ် ယင်းအယူအဆသည် မမှန်ကန်ပါ။ သင့်ကလေး၏ ဘဝတွင် မိဘဖြစ်သော သင်သည် အရေးအကြီးဆုံး လက်ဦးဆရာ ဖြစ်ပါသည်။ ကလေးတစ်ယောက်သည် ကျောင်းစတက်နေပြီဖြစ်သည့်တိုင် သူ၏နေအိမ်သည် သူ၏စာသင်ခန်း ဖြစ်မြဲဖြစ်နေပါသေးသည်။

ကလေး တိုးတက်ဖွံ့ဖြိုးမှုများအကြောင်း လေ့လာသည့် ကျွမ်းကျင်သူအများစုက သဘောတူလက်ခံထားသည်မှာ ကလေးတစ်ဦး၏ ဘဝအစ ပထမငါးနှစ်တာကာလသည် ထိုကလေးအတွက် အရေးအကြီးဆုံး ''ပုံဖော်''ကာလများ ဖြစ်သည်ဟူသည့် အချက်။

သင့်ကလေးသည် မွေးကင်းစအရွယ်မှ စတင်ကာ သင်ယူဆည်းပူးမှုများ ပြုလုပ်၏။ ထိုသို့ ပြုလုပ်ရာတွင် သူ၏ အိမ်တွင်းနှင့် အိမ်ပြင်တွင် ဖြစ်ပျက်သော အကြောင်းအရာများကို သင်ယူဆည်းပူး၏။ ထိုနည်းတူစွာပင် သူ၏ ရင်တွင်း၌ ဖြစ်ထွန်းပေါ်ပေါက်လာသည့်

mgyoe.com

mgyoe.com


ပျော်ရွှင်ခြင်း၊ ကြေကွဲခြင်း၊ ထိတ်လန့်ဒေါသထွက်ခြင်း၊ စိတ်ပျက်ခြင်း စသည့် ခံစားချက်များကိုလည်း မှတ်သားသင်ယူ၏။ သူက တစ်စုံတစ်ခုကို ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ကြောင်း ပြသမည်။ သူက လေ့လာမည်။ ထောက်လှမ်းမည်။ အတုခိုးမည်။ ထို့နောက် သူ့ပတ်ဝန်းကျင်တွင် ဆရာကြီးအဖြစ် လွှမ်းမိုးနိုင်အောင် တတ်နိုင်သလောက် အားထုတ်ချင်လာလိမ့်မည်။ လေ့လာခြင်း၊ သင်ယူခြင်း၊ ဆည်းပူးခြင်းသည် ကလေးတစ်ဦးအတွက် သဘာဝကျပြီး ပျော်ရွှင်ကြည်နူးဖွယ် အတွေ့အကြုံများ ဖြစ်၏။

အဆိုပါဘဝအစပိုင်းတွင် သင့်ကလေးသည် "အတတ်"ပေါင်းများစွာ တတ်မြောက်လာအောင် သင်ယူမည်ဖြစ်၏။ ထိုသို့ သင်ယူနိုင်သည့် စွမ်းရည်မြင့်မားခြင်း၊ မမြင့်မားခြင်းသည် သူ၏ တိုးတက်ဖွံ့ဖြိုးမှုအဆင့်ပေါ်တွင် မူတည်၏။ ထို့ပြင် သူက ချစ်သော၊ သူက အလွန်မတန် အားကိုးအားထားပြုသောသူများဖြစ်သည့် "သင်တို့" အပေါ်တွင်လည်း မူတည်၏။ ဆိုလိုသည်မှာ သင်တို့က သူ့အား အိမ်တွင်းမှာကော အိမ်ပြင်မှာပါ မည်ရွေ့မည်မျှအထိ အားပေးအားမြှောက်မှုများ ရှိသည်။ လုပ်ဆောင်ခွင့် အခွင့်အလမ်းများ ပေးသည် ဆိုသည့် အချက်ပေါ်တွင် မူတည်၏။

တကယ်တော့ သင့်ကလေးသည် စိတ်ဝင်စားဖွယ်ရာများ ပြည့်လျှမ်းနေသည့် ကမ္ဘာမြေလောကကြီးထဲတွင် နယ်သစ်ပယ်သစ်များကို စွန့်စားရှာဖွေနေသူဖြစ်၏။ ထိုသို့ အတွေ့အကြုံသစ်များ ရှာဖွေနေသူကို သင်က ဂရုတစိုက်ရှိခြင်း၊ အားပေးကူညီခြင်းဖြင့် ရှေ့ဆောင်လမ်းပြနိုင်ပါသည်။ သွန်သင်ထိန်းကျောင်းပေးနိုင်ပါသည်။ ထိုသို့ ကူညီခြင်းအားဖြင့် သင့်ကလေးသည် ကိုယ့်တာဝန်ကိုယ်သိခြင်း၊ သူတစ်ပါးအပေါ် တာဝန်ကျေခြင်း စသော အသိစိတ်ဓာတ်များ ဖွံ့ဖြိုးလာပါ

mgyoe.com

mgyoe.com


လိမ့်မည်။ ထို့ပြင် သင်ယူဆည်းပူးမှုစွမ်းရည်နှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းရည်များ မြင့်မားလာပါလိမ့်မည်။

သင့်ထံမှ သင်ယူဆည်းပူးထားသည့် အဆိုပါ ရှေးဦးသွန်သင်ဆုံးမချက်များက သင့်ကလေး၏ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် အားလုံးကို ရာသက်ပန် ထိန်းမတ်လမ်းပြသွားဖို့ အလားအလာများပေသည်။

## လူသားချင်းဆက်ဆံရေး၏ အခြေခံ

ကလေးသူငယ်များအား ပြုစုပျိုးထောင်ခြင်းသည် မိဘနှင့် သားသမီးများအကြား ထားရှိသော အခြေခံကျသည့် လူသားချင်း ဆက်ဆံရေးတစ်ရပ်ပင် ဖြစ်၏။ ထိုသို့ဆက်ဆံရာတွင် တိကျတင်းကျပ်သော စည်းမျဉ်း၊ စည်းကမ်းများ ကြိုတင်သတ်မှတ်ထား၍ မရနိုင်ပါ။ သားသမီးများအား မြေတောင်မြှောက် ပျိုးထောင်ရာတွင်လည်း မိသားစု တစ်စုနှင့်တစ်စု နည်းစနစ်ချင်း မတူညီနိုင်ပါ။ ထို့မျှမကသေးဘဲ မိသားစုတစ်စုအတွင်းမှာပင် သားသမီးတစ်ဦးချင်းအတွက် မြေတောင်မြှောက်နည်းစနစ်ကို ပြောင်းလဲပေးရတတ်ပါသည်။

မည်သို့ဖြစ်စေ ပျော်ရွှင်သော၊ ကိုယ့်အားကိုယ်ကိုးတတ်သော၊ လိမ္မာရေးခြားရှိသော ကလေးများ ထွန်းပေါက်လာရေးအတွက် မိဘများက ကူညီဖေးမနိုင်သည့် နည်းလမ်းများ ရှိပါသည်။

## ၁။ သန့်ရှင်းခိုင်မာသော အတ္တပုံရိပ်ကို ပျိုးထောင်ပေးခြင်း

သင့်ကလေး၏ အတ္တပုံရိပ်ဟူသည်မှာ သူ၏ စိတ်အာရုံတွင် သူ့ကိုယ်သူ ပြန်၍မြင်ရသော ရုပ်ပုံလွှာပင် ဖြစ်၏။ ကလေးတစ်ဦး၏

mgyoe.com

mgyoe.com


သန့်ရှင်းခိုင်မာသော အတ္တပုံရိပ်သည် အောက်ဖော်ပြပါ အကြောင်းအရာများကြောင့် ရှင်သန်တိုးတက်လာနိုင်ပါသည်။

❖ သူ့ကိုယ်သူ နှစ်သက်ကျေနပ်မှုရှိပြီး သူသည် တန်ဖိုးရှိသူတစ်ဦးဟု ယုံကြည်လျှင်…

မိမိကိုယ်မိမိ၊ မိမိ၏မိသားစု၊ မိမိနှင့်ပတ်သက်သည့်လူအများ (တိုင်းပြည်၊ လူမျိုး၊ ဘာသာ၊ အသိုက်အဝန်း)တို့အပေါ်တွင် အကောင်းမြင်သဘောထား ရှိထားသည့် ကလေးတစ်ဦးသည် ငါလိုလူ ဇမ္ဗူတွင်မရှိဟု ခံယူပေလိမ့်မည်။ သူ ဘယ်သို့ ခံစားရသည်၊ သူ ဘာ တွေးသည်၊ ဘာပြောသည်၊ ဘာလုပ်သည် စသည်တို့ကို အခြားအိမ် သူ့အိမ်သားများက ဂရုစိုက်အလေးထားသည်ကို သိမြင်လာသောအခါ သူ့အိမ်တွင် သူသည် အရေးပါ အရာရောက်သူတစ်ဦး ဖြစ်ကြောင်း ယုံကြည်စိတ်ချလာမည် ဖြစ်၏။ ထိုအခါ သူ့ပတ်ဝန်းကျင်ကို ချစ် မြတ်နိုးလာမည်။ သူ့ကိုယ်သူ ယုံကြည်စိတ်ချလာမည်။ သူ့ကိုယ်သူ လိမ္မာရေးခြားရှိသူတစ်ဦး ဖြစ်လာအောင်လည်း အားထုတ်လာမည် ဖြစ်၏။

❖ သူ အကောင်အထည်ဖော်နိုင်စွမ်းသည့် လက်တွေ့ကျသော ရည်မှန်းချက် ချမှတ်တတ်လျှင်…

❖ ပြဿနာများနှင့် ကြုံရသည့်အခါ ယင်းပြဿနာများကို ရင်ဆိုင်ဖြေရှင်းနိုင်သည်ဟု သူ့ကိုယ်သူ ယုံကြည်လျှင်…

ကလေးတစ်ဦး သူ့ကိုယ်သူ ပြန်၍မြင်သော ရုပ်ပုံလွှာသည် ကြည်လင်မှု မရှိ၊ ခိုင်မာမှုမရှိလျှင်… ဆိုလိုသည်မှာ သူ့ကိုယ်သူ နှစ်သက်ကျေနပ်မှု မရှိလျှင်၊ သို့မဟုတ် အခြားသူများက သူ့အား နှစ်သက်ကျေနပ်မှု မရှိဟု ယုံကြည်နေလျှင် သူသည် လောကကြီးကို မကျေနပ်သူတစ်ဦး ဖြစ်လာပေလိမ့်မည်။ သူသည် ရန်လိုခြင်း သို့မဟုတ် ရှောင်ဖယ်ဖယ် လုပ်နေခြင်းဖြင့် သူ့မကျေနပ်မှုကို ပြလိမ့်မည်။

mgyoe.com

mgyoe.com


သူ၏ ရင်တွင်းဝေဒနာများကို ထွက်ပေါက်ပေးသည့်အနေဖြင့် အခြားသူများကို နာကျင်အောင် လုပ်ကောင်းလုပ်မည်၊ နာကြည်းအောင်လုပ်ကောင်းလုပ်မည်၊ သို့မဟုတ်ပါကလည်း သူ့အား မနှစ်မြို့ခြင်း၊ ဝိုင်းပယ်ခြင်းမှ ကင်းဝေးစေရန် လူအများနှင့် ရောနှောဆက်ဆံခြင်းမပြုဘဲ ရှောင်ဖယ်နေကောင်းနေမည်။ သူ၏ သီးခြားကမ္ဘာလေးထဲတွင် ခိုအောင်းနေကောင်းနေပေလိမ့်မည်။

ကလေးတစ်ဦး၏ "အတ္တပုံရိပ်"ကို ပုံဖော်ပေးသည့် အခြေခံသဘောထားများမှာ သူ့အိမ်၊ သူ့မိဘနှင့် သူ့အသိုက်အဝန်းတို့အပေါ်တွင် အခြေတည်ပါသည်။ သူ့ကိုချစ်သောသူများ၊ သူအချစ်ဆုံးသူများက သူ့အပေါ် မည်သို့ တုံ့ပြန်ဆက်ဆံသည်ဆိုသည့်အပေါ်တွင် မူတည်ပါသည်။

မည်သို့ဖြစ်စေ နောက်ပိုင်းတွင် သူ၏အပေါင်းအသင်းအုပ်စု၊ သူ၏ကျောင်း၊ သူ၏အသိုက်အဝန်းတို့ကလည်း သူ၏အတ္တပုံရိပ်ကို တစ်စိတ်တစ်ပိုင်း ပြုပြင်ပုံသွင်းပါသည်။ သို့သော် များသောအားဖြင့် သူ၏စိတ်နေစိတ်ထားကို သူ့အိမ်၊ သူနှင့်အတူနေသူများက ပြုပြင်ပုံသွင်းပါသည်။

## ၂။ တာဝန်သိစိတ်နှင့် ရိုင်းပင်းကူညီတတ်စိတ် ပျိုးထောင်ပေးခြင်း

ကလေးများသည် အသက်သုံးနှစ်၊ လေးနှစ်နှင့် ငါးနှစ်အရွယ်သို့ ရောက်လာသောအခါ သူတို့ ဘယ်လောက် လူလားမြောက်လာပြီဆိုသည်ကို ပြသချင်တတ်ကြ၏။ ထို့ကြောင့် သူတို့ကိုယ်သူတို့ လုပ်နိုင်လောက်သည့် တာဝန်ကလေးများ ပေးအပ်ခိုင်းစေပါ။ ထိုသို့ ပြုလုပ်ပေးသည့်အတွက် သူသည် သူ့အိမ်တွင် အသုံးဝင်သူတစ်ဦးဖြစ်သည်ဟု သူ့ရင်ထဲတွင် ခံစားလာရပါလိမ့်မည်။ ထို့ပြင် စွမ်းစွမ်းတမံ

mgyoe.com

mgyoe.com


လုပ်ကိုင်ချင်စိတ်နှင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချစိတ်များ ပေါ်ထွန်းလာစေပါသည်။

သူတို့ကလေးတွေ၏ မတောက်တခေါက် အကူအညီကလေးများကို အလေးထားပါ။ ချီးကျူးစကားပြောပါ။ ထိုသို့ အသိအမှတ်ပြုသည့်အတွက် သူတို့ကလေးတွေ အသက်လေးငါးနှစ် ရလာသောအခါ သာမန်အိမ်ဖာဟီရကိစ္စများကို လိုလိုချင်ချင် ကူညီလုပ်ကိုင်ပေးလာတတ်ကြပါသည်။

ကလေးတွေသည် သူတို့ဘာသာ သူတို့ အဝတ်အစား ဝတ်ဆင်ခွင့်ရလျှင်ကြည်နူးကြ၏။ သူတို့၏ အိပ်ရာကို သူတို့ဘာသာ ခင်းခွင့်ရလျှင် ပျော်ရွှင်ကြ၏။ ထို့ကြောင့် ကြယ်သီး၊ နှိပ်စေ့ စသည်တို့ မပါဘဲ လွယ်လွယ်ကူကူ ကောက်စွပ်၍ရသည့် အဝတ်အစားများကို သူတို့ဘာသာ သူတို့ ဝတ်ဆင်ခွင့်ပေးပါ။ အိပ်ရာခင်းခြင်း၊ အိပ်ရာ သိမ်းခြင်းတို့ကို သူတို့ဘာသာသူတို့ လုပ်ဆောင်ရာ၌ သင်လုပ်ဆောင်သကဲ့သို့ သေသပ်ပိရိမှုရှိမည် မဟုတ်ပါ။ သို့သော် လုပ်ဆောင်ခွင့် ပေးပါ။

သင့်ကလေးသည် သင်နှင့်တူအောင် လိုက်"တု"နေတတ်ကြောင်း သင် သတိထားမိပါလိမ့်မည်။ မကြာမကြာဆိုသလို သင့်နောက်မှ တကောက်ကောက် လိုက်ပြီး ဖုန်ခါခြင်း၊ တံမြက်လှည်းခြင်း၊ အမှိုက်သွန်ခြင်း၊ အဝတ်အစားခေါက်ခြင်း စသည်တို့ကို သင်ပြုလုပ်သည့်အတိုင်း ပြုလုပ်ချင်ကြောင်း တွေ့ရပါလိမ့်မည်။

ထို့ကြောင့် သူလုပ်နိုင်သည့် အလုပ်မျိုးကို လုပ်ဆောင်ခွင့်ပေးပါ။ လုပ်ချင်လာအောင်လည်း အားပေးတိုက်တွန်းပါ။ ထိုသို့ အခွင့်အလမ်းများ ဖွင့်ပေးထားသည့်အတွက် သင့်ကလေး၏ ခေါင်းထဲတွင် "ငါကွ" ဟူသော အတွေးမျိုး ဝင်လာပါလိမ့်မည်။ လူကြီးတွေ စိုးမိုးနေသည့် သည်ကမ္ဘာကြီးထဲတွင် သူသည် ငယ်ပင် ငယ်သော်ငြားလည်း

mgyoe.com

mgyoe.com


သူ့အိမ်၊ သူ့မိသားစုအတွက် တစ်တပ်တစ်အား ကူညီလုပ်ဆောင်ပေးနေသူတစ်ဦးဟု တွေးမြင်လာပါလိမ့်မည်။ သူ့အိမ်တွင် သူလုပ်ဆောင်ရမည့် အလုပ်များ၊ သူထမ်းရွက်ရမည့် တာဝန်များ ရှိနေသည်ဟု ခံယူလာပါလိမ့်မည်။ သူလုပ်ဆောင်ရမည့် အလုပ်များကို အခြားတစ်ယောက်ယောက်က အောက်ခြေသိမ်း လိုက်လုပ်ပေးနေခြင်းသည် ထိုသူအား စော်ကားရာရောက်ပါသည်။ ကာယကံရှင်အနေဖြင့်လည်း မချင့်မရဲဖြစ်ရပါသည်။ ဤအချက်သည် လူကြီးတစ်ယောက်အတွက်ရော ကလေးတစ်ယောက်အတွက်ပါ မှန်ကန်သည့်အချက် ဖြစ်၏။

ကလေးတွေ လုပ်ချင်ပြီး လုပ်လည်းလုပ်နိုင်သည့် အလုပ်များရှိ၏။ ထိုအလုပ်များကို လူကြီးများက ဝင်ရောက်လုပ်ကိုင်ပေးလျက် ပို၍သေသပ်ကျနပြီး ပို၍မြန်ဆန်စွာ ပြီးမြောက်နိုင်၏။ ထိုအခါ သူတို့ကို လုပ်ကိုင်ခွင့် မပေးဘဲ လူကြီးများကသာ လုပ်ကိုင်တတ်ကြ၏။ ထိုသို့ သူတို့အား လုပ်ကိုင်ခွင့် မပေးခြင်းသည် သူတို့၏ ကူညီချင်စိတ်နှင့် တာဝန်ယူချင်စိတ် အညွန့်အညှောက်များကို ချိုးဖဲ့ဖျက်ဆီးပစ်ခြင်းပင်ဖြစ်၏။

ထို့ကြောင့် တစ်ခုခုကို လုပ်တတ်အောင် အားထုတ်နေသည့် သင့်ရင်သွေးငယ်အား ဖြစ်မြောက်အောင်မြင်စွာ လုပ်တတ်သွားအောင် ကူညီပါ။ ဖေးမပါ။

လွယ်ကူသော အလုပ်ကလေးများကို စပြီးခိုင်းပါ။ သူ၏ လုပ်ဆောင်နိုင်စွမ်းရည် တိုးတက်လာသည်နှင့်အမျှ ပို၍ခက်သော အလုပ်များကို လုပ်ဆောင်ခိုင်းပါ။

သူ၏ တိုးတက်မှုအဆင့်နှင့် ကိုက်ညီသော အလုပ်များကို ပြောင်းလဲစီစဉ်ပေးပါ။

mgyoe.com

mgyoe.com


သင့်ကလေး၏ဝါသနာ၊ စိတ်ဝင်စားမှုနှင့်ကိုက်ညီသော အလုပ်များဖြစ်ပါစေ။

သူ၏လုပ်ဆောင်နိုင်စွမ်း သို့မဟုတ် စိတ်ဝင်စားမှု လျော့ပါးကျဆင်းလာပြီးဆိုလျှင် သင်က အားပေးပါ။ ထိန်းမတ်ပေးပါ။ နားလည်မှုရှိပါ။ နောက်ပြီး သင်က သူ့အား ကူညီချင်စိတ်ရှိကြောင်း ပြသပါ။ အကူအညီ လိုအပ်နေချိန်တွင် အကူအညီအပေးခံရသည့် ကလေးတစ်ယောက်သည် အခြားသူများ အကူအညီ လိုအပ်နေချိန်၌ သူက အကူအညီပေးဖို့ အသင့်ဖြစ်နေတတ်ပါသည်။

ကလေးတစ်ယောက်အား အလုပ်တစ်ခု ခိုင်းလိုက်၏။ သို့သော် ကလေးက ထိုအလုပ်ကို မလုပ်။ ထိုအခါ လူကြီးတွေက စိတ်ဆိုးကြ၏။ မကျေမနပ်ဖြစ်ကြ၏။ လူကြီးတွေ၏ ထိုသို့သော သဘောထားများက ကလေးငယ်အား စိတ်ဆင်းရဲစေပါသည်။ ထို့ကြောင့် သင့်ကလေးအား အလုပ်တစ်ခုခု မခိုင်းမီ သင့်ကိုယ်သင် ပြန်မေးသင့်သည့် မေးခွန်းများမှာ–

သင်ခိုင်းသည့် အလုပ်သည် သူ နိုင်နိုင်နင်းနင်း လုပ်နိုင်သည့် အလုပ်မျိုးလား။

သူ့အနေဖြင့် အချိန်အကြာကြီး အားထုတ်လုပ်ဆောင်ရမည့် အလုပ်မျိုးလား။

သည်အလုပ်သည် မိသားစုအတွက် အရေးကြီးသည့် အလုပ်လား။

သည်အလုပ်ကို လုပ်ဖို့ ရွေးချယ်ရာတွင် သူ၏ဆန္ဒ တစ်စိတ်တစ်ပိုင်း ပါသလား။

သည်အလုပ်ကိုချည်း ထပ်တလဲလဲ ပုံမှန်လုပ်နေရသဖြင့် သူ စိတ်ပျက်ငြီးငွေ့နေပြီလား။

mgyoe.com

သည်အလုပ်ကို ပတ်ပတ်နပ်နပ် လုပ်ပြနိုင်သည့်အတွက် သူ့အစွမ်းအစကို သင်က ထိုက်ထိုက်တန်တန် အသိအမှတ်ပြု ချီးကျူးသလား။ သို့မဟုတ် သူ၏ လုပ်ဆောင်ချက် ကောင်းလျှင် သင်က ရေငုံနှုတ်ပိတ်နေပြီး သူ၏ လုပ်ဆောင်ချက် မကောင်းလျှင် သင်က ဝေဖန်အပြစ်တင်တတ်သလား။

သည်အလုပ်နှင့် ပတ်သက်၍ သူ ကျေကျေနပ်နပ်ရှိပုံပေါ်ရဲ့လား။

၃။ ကိုယ်စွမ်းကိုယ်စကို ပျိုးထောင်ပေးခြင်း

ကိုယ်စွမ်းကိုယ်စရှိခြင်းနှင့် အထက်တွင် ဖော်ပြခဲ့သည့် တာဝန်သိတတ်ခြင်းတို့သည် အတော်များများ ခွဲမရအောင် တွဲနေသည့် ''အမြွာအရည်အသွေးများ''ဖြစ်၏။ ကိုယ်စွမ်းကိုယ်စရှိသည့်ကလေးသည် သူဖြတ်သန်းခဲ့ရသည့် အချိန်ကာလများအတွင်း သူ့ခြေထောက်ပေါ်သူ ရပ်နိုင်အောင် သင်ယူဆည်းပူးခဲ့သူ ဖြစ်၏။ သူ့အတွက် လူ့ဘဝသည် အခြားသူငါတွေအတွက်ထက် ပို၍ ချောမွေ့နေပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူက တွေ့ကြုံရင်ဆိုင်ရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်လွှားဖြတ်သန်းနိုင်သောကြောင့် ဖြစ်၏။ တစ်နည်းဆိုရလျှင် သူက ပြဿနာများ ပြေလည်ရာပြေလည်ကြောင်းအတွက် အပြုသဘောပါသော၊ သစ်ဆန်းသော အဖြေများကို ရှာဖွေဖော်ထုတ်နိုင်စွမ်းရှိသောကြောင့် ဖြစ်၏။

သူတို့တွင် ကိုယ်စွမ်းကိုယ်စရှိခြင်းကို ကလေးများက များစွာ တန်ဖိုးထားကြ၏။ ကျွန်ုပ်တို့ ကြားနေကျ၊ ကလေးများ ပြောနေကျ စကားများကို ဝေဖန်ပိုင်းခြားကြည့်ပါ။

''သားသားဘာသာ သားသား လုပ်ချင်တယ်''

''သမီးကိုပေး၊ သမီး လုပ်မယ်''

mgyoe.com

mgyoe.com

''သမီးလည်း အဲဒီလို လုပ်တတ်ပါတယ်''

''သားသားက လူကြီးဖြစ်နေပြီလေ''

ထို့ကြောင့် ကလေး သို့မဟုတ် ကလေး၏ အနီးနားဝန်းကျင်တွင် ရှိသူများကို အန္တရာယ်ရှိနိုင်သည့် ကိစ္စများ မဟုတ်လျှင် သူတို့၏ တောင်းဆိုချက်များကို အလေးထားခွင့်ပြုသင့်ပါသည်။

သို့ဖြစ်ရာ ကိုယ်စွမ်းကိုယ်စရှိသည့် ကလေးတစ်ယောက် ဖြစ်ထွန်းလာအောင် ကျွန်ုပ်တို့ မည်သို့ ကူညီပေးမနိုင်ပါသလဲ။

❖ **သင့်ကလေး၏ အရည်အချင်းကို လျှော့မတွက်ပါနှင့်။**

နေအိမ်အများစုတွင် ကလေးများ အသုံးပြုနိုင်သည့် ကိရိယာ တန်ဆာပလာ အမျိုးအစားပေါင်းများစွာ ရှိနေပါသည်။ ဥပမာအားဖြင့် လေးနှစ်အရွယ် ကလေးတစ်ယောက်သည် ဖုန်သုတ်အဝတ်စ သို့မဟုတ် ကြက်မွေးကို အသုံးပြုနိုင်၏။ ငါးနှစ်အရွယ်ကလေးတစ်ယောက် သည် လူကြီး၏ကြီးကြပ်မှုဖြင့် တူနှင့်လွှကို အသုံးပြုနိုင်၏။ ခြောက်နှစ်အရွယ် ကလေးတစ်ယောက်သည် ရိုက်ရလွယ်ကူသော ရိုးရိုးရှင်းရှင်း ကင်မရာ တစ်လုံးကို ရိုက်နိုင်၏။

❖ **သူတို့ဝန်းကျင်ရှိ ကမ္ဘာလောကကို မြင်တွေ့ခွင့်ရသောအခါ သူတို့၏ ကိုယ်စွမ်းကိုယ်စများ တိုးတက်လာသည်။**

သင့်ရင်သွေးငယ်များကို အတွေ့အကြုံအမျိုးမျိုး ရလာအောင် ဆောင်ရွက်ပါ။ ဥပမာ- မော်တော်ကားစီးခြင်း၊ ကိုယ်ပိုင်ကား၊ထရပ်ကား၊ ဘတ်စ်ကား။ ထို့ပြင် ရထား၊ ဓာတ်လှေကား၊ ရွေ့လျားစက်လှေကား စီးခြင်း။

သူတို့အတွက် အထူးအစီအစဉ်ပြုလုပ်ပြီး စတိုးဆိုင်များ၊ ပန်းခြံများ၊ ကလေးကစားကွင်းများ၊ စာကြည့်တိုက်၊ စာတိုက်၊ ရဲစခန်း၊ တိရစ္ဆာန်ရုံ စသည်တို့ကို လိုက်ပို့ လိုက်ပြပါ။

mgyoe.com

❖ **မေးခွန်းများ မေးလာအောင် တိုက်တွန်းအားပေးပါ။**

မေးခွန်းတွေမေးသည့် ကလေးတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ခြင်းနှင့် အမှီခိုကင်းစွာ ရပ်တည်ခြင်းဟူသည့် အဆောက်အအုံများကို တည်ဆောက်နိုင်သော အဖိုးတန်တန်ဆာပလာတစ်ခု ပိုင်ဆိုင်နေပြီဖြစ်ပါသည်။

❖ **သူတို့ လုပ်နိုင်မည် ထင်သည့် လက်တိုလက်တောင်းအလုပ်များကို လုပ်ခွင့်ပေးပါ။**

နံဘေးအိမ်သို့ စာပို့ခြင်း၊ စာတိုက်မှ လာသော စာကို လက်ခံယူခြင်း၊ သတင်းစာကို ထွက်ယူခြင်း စသည့် အလုပ်များကို လုပ်ခွင့်ပေးပါ။

မိဘအနေဖြင့် သင်၏ ရည်ရွယ်ချက်မှာ သင့်ကလေး စိတ်လက်ချမ်းသာစွာ နေနိုင်အောင် ကူညီဖေးမရေးပင် ဖြစ်သင့်၏။ သို့ဖြစ်ရာ ကလေးများကို အတင်းအကျပ် မတိုက်တွန်း၊ မစေခိုင်းသင့်ပါ။ သူတို့၏ ရှက်ရွံ့မှု ပပျောက်သွားအောင် သင် ပြုလုပ်နိုင်မည်မဟုတ်။ သူတို့ နှုတ်ဆိတ်နေလိုသည့်အခါမျိုးတွင် အတင်းအကျပ် စကားမပြောခိုင်းသင့်။ ထို့ပြင် သူတို့ အနေရအထိုင်ရခက်ပြီး စိတ်ကျဉ်းကျပ်မည် ထင်ရသည့် နေရာဌာနနှင့် အသိုက်အဝန်းများထဲသို့ ဖွတ်ခေါ်သွားခြင်း မပြုပါနှင့်။

သို့သော် သူ့ဘက်က အသင့်ဖြစ်နေပြီဆိုသည့်အခါမျိုးတွင်မူ သူ့အား လှုပ်ရှားခွင့်ပေးပါ။ ဆောင်ရွက်ခွင့်ပေးပါ။ ထိုအခါ သင့်ကလေးသည် လူ့ဘဝ၏ စိန်ခေါ်ချက်ပေါင်းများစွာကို ကိုယ်စွမ်းကိုယ်စဖြင့် ရင်ဆိုင်ဖြေရှင်းနိုင်လာပါလိမ့်မည်။ ထိုသို့ ဖြေရှင်းရာတွင် သင့်ကလေး ကိုယ်တိုင် ပျော်ပျော်ရွှင်ရွှင်နှင့် အားတက်သရော ဖြစ်နေပါလိမ့်မည်။

mgyoe.com

mgyoe.com

၄။ ဆုံးဖြတ်ချက်ချနိုင်စွမ်းများ ပျိုးထောင်ပေးခြင်း

ကလေးတစ်ယောက်အား ဆုံးဖြတ်ချက်များ ချခွင့်ပေးပြီဆိုသည်နှင့် သူသည် ရွေးချယ်ရမည့် အခွင့်အလမ်းများကို သိမြင်လာတော့မည်ဖြစ်၏။ ရွေးချယ်မှုတစ်ခုခုကို ပြုလုပ်ပြီး မိမိ၏ ရွေးချယ်ချက်နှင့်အညီ ပြုမူနေထိုင်ရတော့မည် ဆိုသည်ကိုလည်း သိမြင်လာမည်ဖြစ်၏။ သို့ဖြစ်ရာ အခြေအနေ၊ အနေအထား အမျိုးမျိုးကို သင်က ဖန်တီးပေးပြီး သင့်ကလေးအား ရွေးချယ်ခိုင်းပါ။ ဆုံးဖြတ်ခိုင်းပါ။ ဤသို့ဖြင့် သင့်ကလေး၏ ဆုံးဖြတ်ချက်ချနိုင်စွမ်းများ တိုးတက်ကောင်းမွန်လာအောင် လေ့ကျင့်ပေးနိုင်ပါသည်။

ထိုသို့ ရွေးချယ်ခွင့်များ ဖန်တီးပေးရာတွင် ရိုးစင်းလွယ်ကူသော ရွေးချယ်ခွင့်များ ဖြစ်ဖို့ မမေ့ပါနှင့်။ ဥပမာ-

"မေမေ ဘယ်စာအုပ်ကို ဖတ်ပြရမလဲ၊ ဒီစာအုပ်လား၊ ဟိုစာအုပ်လား"

"ဟောဒီမှာ အရုပ်သုံးခု ရှိတယ်၊ ဒီအထဲက ကြိုက်တဲ့ တစ်ခုကိုယူ"

"ညစာ စားပြီးရင် အချိုပွဲအနေနဲ့ ဘာစားမလဲ၊ ကိတ်မုန့်လား၊ ဂျယ်လီလား"

ကလေးတစ်ဦးသည် ပြဿနာတစ်ရပ်နှင့် ကြုံတွေ့ရသည့်အခါ ယင်းပြဿနာကို မည်သို့ ဖြေရှင်းရမည်ဖြစ်ကြောင်း သိချင်မှ သိမည်။ ထိုအခါ သင့်အကူအညီ လိုအပ်လာပါလိမ့်မည်။

သင့်ကလေး၏ပြဿနာဖြေရှင်းနိုင်စွမ်းများတိုးတက်ကောင်းမွန်လာစေလိုလျှင် ပြဿနာတစ်ခု ပေါ်လာတိုင်း ယင်းပြဿနာအကြောင်းကို အချိန်ယူပြီး ရှင်းပြ၊ ပြောပြပါ။ သို့သော် ထိုသို့ ပြုလုပ်ရန်မှာ

mgyoe.com

mgyoe.com


အမြဲတစေ အဆင်ပြေနေမည် မဟုတ်။ ပြဿနာများသည် မမျှော်လင့်သည့် အချိန်၊ မအားမလပ်သည့် အချိန်မျိုးတွင်မှ ပေါ်ပေါက်လာလေ့ရှိ၏။

မည်သို့ဖြစ်စေ ပြဿနာနှင့် ပတ်သက်ရသည့် အကြောင်းအကျိုး၊ အကောင်းအဆိုးများကို အချိန်ရလျှင် ရသလို သင့်ကလေးနှင့် ဆွေးနွေးပါ။ ရှင်းပြပါ။

❖ ပြဿနာအမျိုးအစားကို ခွဲပြီး ပြဿနာ၏ အကြောင်းရင်းကို ဖော်ထုတ်ပါ။

ထိုသို့ ပြုလုပ်ခြင်းသည် ကျွမ်းကျင်လိမ္မာမှုတစ်ရပ် ဖြစ်၏။ ဤကျွမ်းကျင်လိမ္မာမှုမျိုးကို လူကြီးများ၏ အကူအညီမပါဘဲ ကလေးများ မရရှိနိုင်ပါ။

ဥပမာ- ကလေးတစ်ယောက်သည် ဖျော်ရည်ဖန်ခွက်ကို စားပွဲပေါ်မှ မကြာခဏ တိုက်ချမိသည် ဆိုပါစို့။ ပြဿနာမှာ ဖျော်ရည်ခွက်မကြာခဏ မှောက်ခြင်း၊ စားပွဲပေါ်မှ ကျကွဲခြင်း ဖြစ်၏။ ပြဿနာဖြစ်ရသည့် အကြောင်းရင်းမှာ ဖျော်ရည်ခွက်ကို သူ၏ တံတောင်ဆစ်နှင့် နီးကပ်လွန်းစွာ ထားခြင်းကြောင့် လက်လှုပ်လိုက်တိုင်း ဖန်ခွက်နှင့် တိုက်မိရန် အလားအလာရှိနေခြင်းပင် ဖြစ်၏။

ထိုသို့ ပြဿနာအမျိုးအစားကို ခွဲပြီး ပြဿနာဖြစ်ရသည့် အကြောင်းရင်းကို ဖော်ထုတ်ကာ သင့်ကလေးအား ရှင်းပြခြင်းဖြင့် ကူညီနိုင်ပါသည်။

❖ ဖြေရှင်းချက်ကို စိစစ်ရွေးထုတ်ခြင်း

ဤအဆင့်ကို ဆောင်ရွက်ရန် သတ္တိ လို၏။ အချို့ကလေးများသည် အမှားလုပ်မိမည်ကို စိုးရိမ်သဖြင့် ပြဿနာများကို အဖြေထုတ်ရှင်းပစ်ခြင်း မပြုနိုင်ကြပေ။ သို့ဖြစ်ရာ ပြဿနာတစ်ခု ပေါ်လာလျှင်

mgyoe.com

mgyoe.com


ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းချက်များကို သင့်ကလေးအား ပြောပြပါ။ သူနှင့်ဆွေးနွေးပါ။ ထို့နောက် မည်သည့်ဖြေရှင်းချက်သည် အကောင်းဆုံးဖြစ်သည်ကို နှစ်ဦးသဘောတူ ဆုံးဖြတ်ပြီး အဆိုပါအဖြေအတိုင်း သူ့ကို အကောင်အထည်ဖော် ဆောင်ရွက်ခိုင်းပါ။ ပြဿနာတိုင်းကို ဖြေရှင်းနိုင်ကြောင်း သင့်ကလေး သဘောပေါက်လာအောင် သင် ကူညီဖေးမနိုင်ပါသည်။

အကယ်၍ ပြဿနာပေါ်ပေါက်ချိန်တွင် သင်တို့နှစ်ဦး ဆွေးနွေးဖို့ အချိန်မရလျှင် နောင်အချိန်ရမှ အေးအေးဆေးဆေး ဆွေးနွေးပါ။

ပြဿနာဖြေရှင်းခြင်းနှင့်ပတ်သက်၍ နောက်ထပ် အရေးပါသည့် အချက်မှာ သင့်ကလေးအား "အကြောင်းတရားနှင့် အကျိုးတရား" အကြောင်း နားလည်အောင် ရှင်းပြခြင်းပင် ဖြစ်၏။ ဥပမာ ပန်းအိုးကို လက်ဖြင့် တွန်းလိုက်လျှင် ပန်းအိုးအောက်သို့ ကျပြီး ကွဲသွားနိုင်သည်။ နံရံကို မင်ချောင်းဖြင့် လျှောက်ခြစ်လျှင် နံရံပေါ်တွင် အစွန်းအထင်းများ ဖြစ်ကုန်မည်။

ကလေးတစ်ဦးသည် အကြောင်းတရားနှင့် အကျိုးတရား၏ ဆက်နွယ်မှုအကြောင်း နားလည်လာသည်နှင့် တစ်ပြိုင်နက် ဆင့်ပွားတတ်သိနားလည်မှုနှစ်မျိုးကိုလည်း ရရှိလာပေလိမ့်မည်။

**၁။ မည်သည့်အနေအထားမျိုးရှိလျှင် မည်သည့် အကျိုးဆက်မျိုး ပေါ်ပေါက်လာမည်ကို ကြိုတင်တွက်ဆတတ်ခြင်း။**

**၂။ ဖြစ်ပျက်သွားသည့် အဖြစ်အပျက်များ မည်သို့ ပေါ်ပေါက်ခဲ့သည်ကို သိနားလည်ခြင်း။**

ဥပမာ တစ်စုံတစ်ယောက်က ပန်းအိုးကို တွန်းနေသည်ကို တွေ့လျှင် ၎င်းပန်းအိုး စားပွဲပေါ်မှ ကျတော့မည်ဟု ကြိုတင်တွက်ဆတတ်လာမည် ဖြစ်၏။ နံရံပေါ်တွင် အစွန်းအထင်း ခြစ်ရာများကို တွေ့

mgyoe.com

လျှင် ၄င်းခြစ်ရာများ မည်သို့မည်ပုံ ထင်လာသည်ကို ပြောပြနိုင်မည် ဖြစ်၏။

ပြဿနာများ၏ အမျိုးအစားကို ခွဲပြီး အဖြေရှာသည့် အရည်အချင်းမျိုးကို ကလေးများ လွယ်လွယ်ကူကူ ရနိုင်မည် မဟုတ်။ ထို့အတူ လူကြီးတော်တော်များများလည်း ထိုအရည်အချင်းမျိုးကို လွယ်လွယ်ကူကူ ရနိုင်မည် မဟုတ်ပါ။

ထိုအရည်အချင်း ရှိလာရန်အတွက် သင့်ဘက်က စိတ်ရှည်ခွဲရှိဖို့လို၏ သင့်ကလေးဘက်ကလည်း လေ့ကျင့်မှု များစွာလိုသည်။ သင်တို့နှစ်ဦးအကြား စကားများများ ပြောဖို့လိုပြီး နှစ်ဦးစလုံး အတွေးရွှင်၊ နှုတ်ရွှင်ဖို့ (ဟာသဓာတ် ရှိဖို့)လည်း လိုပါသည်။

❖ **နှစ်သက်လိုလားမှု ပြခြင်းဖြင့် ချီးမွမ်းမြှောက်စားပါ။**

လူတိုင်းလူတိုင်းပင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစိတ် ရှိဖို့အရေးကြီး၏။ ကလေးတစ်ဦးအနေဖြင့်လည်း သူသည် တန်ဖိုးရှိသူတစ်ဦးဖြစ်ကြောင်း သူ့ကိုယ်သူ ယုံကြည်မှု ရှိနေဖို့လို၏။ ယင်းယုံကြည်ချက် တိုးတက်ခိုင်မာလာအောင် ကျွန်ုပ်တို့က သူ့အား ချီးမွမ်းမြှောက်စားရမည် ဖြစ်၏။ အရေးပါအရာရောက်သည့် ချီးမွမ်းမြှောက်စားနည်း တစ်နည်းမှာ သူ့အား နှစ်သက်လိုလားမှုကို ပြသခြင်း ဖြစ်၏။

ကလေးတစ်ဦးအတွက် အဓိပ္ပာယ်အရှိဆုံး ဆုလာဘ်သည် သူ၏ မိခင်၊ ဖခင်နှင့် သူ၏ မိသားစုထံမှ ရရှိသည့် မေတ္တာ၊ စိတ်ဝင်စားမှုနှင့် အရေးပေးမှုများပင် ဖြစ်၏။ သူပြောသည့် စကားကို နားထောင်ခြင်း၊ သူ့ကို ထွေးပွေ့ခြင်း၊ သူ့ကို ပြုံးပြခြင်း၊ သူနှင့် စကားပြောခြင်း၊ သူ့ကို ချီးကျူးခြင်းတို့သည် သူ့ကို ကြည်နူးစေ၏။ ပျော်ရွှင်စေ၏။ သူ၏ အသိအလိမ္မာစိတ်ကို နိုးဆွပေး၏။ ထို့ပြင် သူ၏ တန်ဖိုးကို ယုံကြည်စိတ်ချစိတ် လေးလေးနက်နက် ဖြစ်ပေါ်စေ၏။

mgyoe.com

mgyoe.com

ကလေးများ ငယ်နုစဉ်တွင် ချီးမြှင့်မြှောက်စားမှုများစွာ ပြုလုပ်ပေးဖို့ လိုရ၏။ ချီးကျူးစကား များများပြောပေးဖို့ လိုရ၏။ နောင် တဖြည်းဖြည်း အရွယ်ရလာသောအခါ သူတို့ကိုယ်သူတို့ ယုံကြည်စိတ်ချမှုများ ရင့်သန်နိုင်မာလာ၏။ ထိုအခါတွင် အခြားသူများ၏ "ဩဘာ ပေးမှုများ" ကို သိပ်မလိုတော့ချေ။

❖ **အသုံးစရိတ် ထုတ်ပေးပါ။**

အသုံးစရိတ် (သို့မဟုတ်) မုန့်ဖိုးပေးခြင်းသည် တစ်နည်းအားဖြင့် မိသားစုဝင်ငွေထဲမှ ကလေး၏ ဝေစုကို ထုတ်ပေးခြင်းပင် ဖြစ်၏။ မိဘများက မိမိတို့သားသမီးများအား ပညာပေးရာတွင် အသုံးစရိတ် ထုတ်ပေးခြင်းသည် ထိရောက်သော ပညာပေးအစီအစဉ်တစ်ရပ် ဖြစ်နိုင်၏။

ပေးရမည့် ငွေကြေးပမာဏမှာ မိဘများ "တတ်နိုင်သလောက်" သာ ဖြစ်သင့်၏။ အသုံးစရိတ် သို့မဟုတ် မုန့်ဖိုးကို ကလေး စိတ်ကြိုက် သုံးစွဲပါစေ။ သို့သော် ထုတ်ပေးသည့် အသုံးစရိတ်သည် ကလေး၏ လိမ္မာရေးခြားရှိသော လုပ်ရပ်များကြောင့် ဆုချသည့်သဘောမျိုး မသက်ရောက်စေသင့်ပါ။

အသုံးစရိတ် ထုတ်ပေးခြင်းသည် လာဘ်ထိုးခြင်း မဟုတ်။ အသုံးစရိတ်ဆည် ငွေကြေးကို မည်သို့ သုံးစွဲရမည်ဖြစ်ကြောင်း ကလေးတစ်ဦးအား လက်တွေ့ကျကျ သင်ကြားသည့် ကိရိယာတစ်ခုသာ ဖြစ်၏။ အသုံးစရိတ် ထုတ်ပေးခြင်းအားဖြင့် ကလေးတစ်ဦးသည် သူ့ငွေကို မည်သို့ သုံးစွဲရမည်ကို စီမံကိန်း ချတတ်လာမည်။ သူ့ငွေဖြင့် "အတန်ဆုံး" တစ်ခုခုကို ရအောင် မည်သို့ ဝယ်ရမည်ကို သိနားလည်လာမည်ဖြစ်၏။ ဤသို့ ကိုယ်တိုင်သုံး၊ ကိုယ်တိုင်ဝယ်ရသည့်

mgyoe.com

mgyoe.com


အတွက် သူသည် သင်္ချာတွက်ချက်မှုတွင် တိုးတက်လာပါလိမ့်မည်။ ကြောင်းကျိုးဆင်ခြင်မှုပညာတွင်လည်း ထက်မြက်လာပါလိမ့်မည်။

အချို့ကလေးများသည် ပြင်ပကမ္ဘာသို့ ရောက်သည်နှင့် အမှားများ ပြုလုပ်ပြီး မဆင်မခြင် ဝယ်ခြမ်းကြ၏။ သူတို့သည် လွတ်ပြော ဆိုသည်နှင့် လက်ထဲတွင် ရှိသမျှငွေကို အကုန်သုံးပစ်ကြ၏။ ထိုသို့ တစ်ခါသုံး သုံးပစ်လိုက်သည့်အတွက် နောက်ထပ် ရက်အတော်ကြာ ကြာ လက်ထဲတွင် ငွေမရှိတော့မည့် အဖြစ်ကို မေ့လျော့နေတတ်ကြ၏။

ထိုသို့ အလောတကြီး သုံးမိပြီး ဒုက္ခ ကြုံရသည့်အတွက် နောင်တွင် သူတို့သည် ပစ္စည်းကို ရွေးပြီး ဝယ်တတ်လာသည်။ ငွေ ကို သုံးစွဲရာတွင်လည်း ဂရုတစိုက်နှင့် သတိထားလာသည်။

မိဘများ မကြာခဏ မေးလေ့ရှိသည့် မေးခွန်းမှာ ကလေး မည် သည့်အရွယ်ရောက်လျှင် မည်ရွေ့မည်မျှ ပေးသင့်သလဲဟူ၍ ဖြစ်၏။

သင့်ကလေး ငါးနှစ်အရွယ်လောက် ရောက်လျှင် သူ့မွေးနေ့၌ သူ့သူငယ်ချင်းတွေ၊ သူ့အစ်ကိုတွေ၊ အစ်မတွေကို ကျွေးဖို့ဆိုပြီး မုန့်ဖိုး တောင်းလာပါလိမ့်မည်။ သို့မဟုတ်ပါကလည်း ရေခဲမုန့် ဝယ် ကျွေးပါ။ သကြားချောင်း ဝယ်ကျွေးပါ စသည်ဖြင့် သူတို့ နေ့စဉ်နှင့် အမျှ ပူဆာသော ဒဏ်မှ ကင်းအောင် သူတို့ကို မုန့်ဖိုး ထုတ်ပေးထား ဖို့ သင်က စတင်စဉ်းစားလာပါလိမ့်မည်။

သင်က သင့်ကလေးအား ခုနစ်ရက် တစ်ပတ်စာ မုန့်ဖိုးပေးထား ချင်ကောင်းထားချင်ပေမည်။ သို့သော် ငယ်ရွယ်သော ကလေးတစ်ဦး အတွက် ခုနစ်ရက်တစ်ပတ်ဟူသော ကာလမှာ ရှည်လျားလွန်းပါသည်။ ထို့ကြောင့် မုန့်ဖိုးကို တစ်ပတ်လျှင် နှစ်ကြိမ် ထုတ်ပေးခြင်းသည် ပို၍ ကောင်းပါသည်။

mgyoe.com

mgyoe.com


ထိုသို့ မုန့်ဖိုး ပေးထားသောအခါ သည်တစ်ပတ် သကြားချောင်း နှစ်ချောင်း ဝယ်စားနိုင်သည်။ သို့မဟုတ် သည်တစ်ပတ်အတွက် မုန့်ဖိုးကို စုထားပြီး နောက်တစ်ပတ်အတွက် ရသည့် မုန့်ဖိုးနှင့် ပေါင်းကာ အရုပ်တစ်ရုပ် ဝယ်နိုင်သည် စသည်ဖြင့် တွက်ချက်လာပါလိမ့်မည်။ သို့သော် သူသည် သကြားချောင်းရော အရုပ်ပါ နှစ်မျိုးစလုံး မရနိုင်ကြောင်းလည်း သိလာပါလိမ့်မည်။

ကလေးမုန့်ဖိုးနှင့် ပတ်သက်၍ အောက်ဖော်ပြပါ ဆောင်ရန်၊ ရှောင်ရန် အချက်များကို သတိထားပါ။

ဘာကိုဝယ်၊ ဘာကို မဝယ်နှင့် စသည်ဖြင့် သူတို့၏ ဝယ်ယူခြင်းကို မထိန်းချုပ်ပါနှင့်။ အကယ်၍ သူတို့ဘာသာ သူတို့ အမှားများ ပြုလုပ်မိပြီဆိုလျှင် ထိုအမှားများမှ သင်ခန်းစာ ယူပါလိမ့်မည်။

သူတို့၏ မုန့်ဖိုးထဲမှ တချို့တစ်ဝက်ကို "စုဆောင်း"ထားဖို့ ဖွတ်မတိုက်တွန်းပါနှင့်။

သူတို့၏ အကျင့်ပျက်စရိုက်ဆိုးများအတွက် ဒဏ်ခတ်သည့်အနေဖြင့် မုန့်ဖိုးမပေးဘဲထားခြင်း မပြုလုပ်ပါနှင့်။

နေ့စဉ် ပြုလုပ်နေကျ အိမ်မှုကိစ္စများမှအပဖြစ်သော အပိုလုပ်ငန်းများ လုပ်ဆောင်ပေးသည့်အတွက် ဆုချသည့် ငွေကို ပေးနေကျ မုန့်ဖိုးနှင့် မရောထွေးပါစေနှင့်။

သို့သော်-

မုန့်ဖိုး မည်ရွေ့မည်မျှ ပေးမည်ဟု ဆုံးဖြတ်ချိန်တွင် နောက်ပိုင်း အရွယ်ရလာသည်နှင့်အမျှ အသုံးစရိတ် ပို၍လိုအပ်လာမည့် ကိစ္စကိုပါ ခေါင်းထဲတွင် ထည့်ထားပါ။

သင့်ကလေးအား စေတနာ ထားတတ်အောင်၊ ရက်ရက်ရောရော ပေးကမ်းတတ်အောင် သင်ကြားအားပေးပါ။

mgyoe.com

mgyoe.com


ငွေသည် ‘‘အရာခပ်သိမ်း’’ မဟုတ်ကြောင်း သင့်ကလေး သဘောပေါက်နားလည်အောင် သွန်သင်ဆုံးမပါ။ ငွေဖြင့် အရာဝတ္ထု တော်တော်များများကို ဝယ်ယူနိုင်သော်လည်း ရိုင်းပင်းမှု၊ ခင်မင် ရင်းနှီးမှု၊ မေတ္တာထားမှုနှင့် လေးစားကြည်ညိုမှုတို့ကိုမူ မည်သည့်ငွေ ကြေးပမာဏနှင့်မျှ ဝယ်ယူ၍မရနိုင်ကြောင်း သင့်ကလေး သဘော ပေါက်နားလည်ထားသင့်၏။

## ၅။ မိဘနှင့် သားသမီးများ အတူကစားနိုင်သည့် ကစားနည်းများ တီထွင်ခြင်း

ကလေးငယ်များသည် ဆော့ရင်း၊ ကစားရင်း သင်ယူဆည်းပူးမှု ကို အစွမ်းကုန် ပြုလုပ်ကြ၏။ သင်နှင့် သင့်ကလေးတို့ ပျော်ရွှင်မြူး ထူးစွာ ကစားနိုင်သော၊ ထို့ပြင် သင့်ကလေး၏ အတ္တပုံရိပ် ရှင်သန် ဖွံ့ဖြိုးလာစေသော ကစားနည်းနှင့် လှုပ်ရှားမှုနည်းပေါင်း မြောက်မြား စွာ ရှိပါသည်။

### ❖ ကိုယ့်ကိုယ်ကိုယ် ပုံတူဆွဲခြင်း

ဖြစ်နိုင်လျှင် စက္ကူအရွက်ကြီးကြီး (ကုန်ထုပ်စက္ကူအညိုဆိုလျှင် ကောင်း၏။)ကို ကြမ်းပြင်ပေါ်တွင် ခင်းပြီး သင့်ကလေးအား အဆိုပါ စက္ကူပေါ်တွင် ပက်လက်အိပ်ခိုင်းပါ။ သင်က မင်တံကို သုံးပြီး သင့် ရင်သွေး၏ ကိုယ်ခန္ဓာကောက်ကြောင်းကို စာရွက်ပေါ်တွင် လိုက်ဆွဲ ပါ။

ထို့နောက် သင့်ကလေးအား သူ့ပုံကို ရောင်စုံခြယ်ခွင့် ပေးပါ။ ရောင်စုံခြယ်ပြီးသောအခါ သူ့ကိုယ်ခန္ဓာ ကောက်ကြောင်းအတိုင်း စက္ကူကို ဖြတ်ထုတ်ပြီး လူတိုင်း မြင်သာအောင် နံရံတွင် ချိတ်ဆွဲပေး ပါ။

mgyoe.com

❖ မျိုးဆက်ပြဇယား ဆွဲပေးခြင်း

''ဆွေစဉ်မျိုးဆက်'' ဆိုသည်ကို သဘောပေါက်ရန် ထို့ပြင် သူ၏ မိသားစုတွင် ဘယ်သူတွေ ပါဝင်သည်ကို သိမှတ်စေရန် မိသားစုဝင်များ၏ ဓာတ်ပုံများကို ရနိုင်သမျှ စုဆောင်းပါ။ ထို့နောက် မျိုးဆက်ပြဇယားကို ခပ်ကြီးကြီး ဆွဲပါ။ အဆိုပါဇယားတွင် သင့်ကလေး၏ နေရာသည် ထင်သာမြင်သာ ရှိရပါမည်။

မျိုးဆက်ပြဇယားမှ ဖြာထွက်နေသည့် အကိုင်းအခက်များတွင် သူ၏ အစ်ကိုတွေ၊ အစ်မတွေ၊ ဦးလေးတွေ၊ အဒေါ်တွေ၊ အဘိုး၊ အဘွားတွေ၊ ဝမ်းကွဲမောင်နှမတွေ စသည်ဖြင့် ဆွေမျိုးရင်းချာများ၏ ဓာတ်ပုံများကို ကပ်ထားပေးပါ။

အခါအခွင့်သင့်တိုင်း သူ့ဆံပင်သည် အဘိုး၏ ဆံပင်နှင့် အရောင်တူသည်။ သူ့မှာ သူ့မေမေကဲ့သို့ပင် ပါးချိုင့် ပါသည် စသည်ဖြင့် တူညီသော လက္ခဏာများအကြောင်း ပြောပြပါ။

❖ **နီးနားဝန်းကျင် အနေအထားကို ပုံပြမြေပုံ ရေးဆွဲပေးခြင်း**

သင်နေထိုင်သည့် အိမ်၏ နီးနားဝန်းကျင်အနေအထားကို မြေပုံ ကားချပ်တစ်ချပ် ရေးနိုင်အောင် သင့်ကလေးအား ကူညီပါ။ မြေပုံ ရေးရာတွင် ရုပ်ပုံများဖြင့် ရေးဆွဲပါစေ။

ပထမအဆင့်အနေဖြင့် သူ့ကို လမ်းလျှောက်ခေါ်သွားပါ။ ထို့နောက် သူ့မြေပုံထဲတွင် သူထည့်ချင်သည့်အရာများကို သူ့ဘာသာ ရွေးချယ်ဆုံးဖြတ်ပါစေ။ ဥပမာ သူ့သူငယ်ချင်းတွေ နေသည့် အိမ်များ၊ ကလေးကစားကွင်း၊ စာတိုက်၊ စာကြည့်တိုက်၊ စာတိုက်ပုံး၊ သဘောအကျဆုံး သစ်ပင် စသည်ဖြင့်။

အိမ်သို့ ပြန်ရောက်သောအခါ စာရွက်ကြီးကြီးတစ်ရွက်ပေါ်တွင် မည်သည့်နေရာ၌ မည်သည့်အရာတွေ ရေးရမည်ကို တေးမှတ်ခိုင်းပါ။

mgyoe.com

mgyoe.com

ဦးစွာ သင့်နေအိမ်နှင့် သင့်လမ်းကို အမှတ်အသားပြုပါ။ ထို့နောက် တွင်မှ အခြားအိမ်များ၊ ကလေးစိတ်ဝင်စားသည့်အရာများ၏ ပုံများ ကို ရေးဆွဲပြီး မြေပုံပေါ်တွင် ကပ်ပေးပါ။

သင့်ကလေးက အဆိုပါမြေပုံပေါ်တွင် ကစားစရာ မော်တော် ကားကလေးများ၊ အရုပ်ကလေးများ (သူ့မှာရှိလျှင်) တင်ပြီး သိုင်း သိုင်းဝိုင်းဝိုင်း ကစားချင်ပေလိမ့်မည်။

တစ်နေရာရာသို့ မသွားမီ သူသွားမည့် လမ်းကြောင်းကို စီစဉ် ခြင်း သို့မဟုတ် တစ်နေရာရာမှ ပြန်လာလျှင် သူရောက်ခဲ့သည့် နေရာကို ပြခြင်းတို့ ပြုလုပ်ရန်လည်း ဤမြေပုံကို အသုံးပြုနိုင်ပါ သည်။

## ❖ နေ့စဉ်မှတ်တမ်းစာအုပ် ထားပေးခြင်း

နေ့စဉ် မှတ်တမ်းစာအုပ်တစ်အုပ် ဆောင်ထားချင်အောင် သင့် ကလေးအား စည်းရုံးပါ။ မွေးနေ့ညှော်ခံပွဲတစ်ပွဲ သို့မဟုတ် ထူးခြား သော ပွဲတစ်ပွဲ သို့မဟုတ် အလည်အပတ်ခရီးတစ်ခေါက် ထွက်ပြီး တိုင်း သီးခြားအချိန်ပေးပြီး သူကြုံတွေ့ခဲ့သည့် ဖြစ်ရပ်များကို မှတ် တမ်းတင်ဖို့ သင်က ကူညီပါ။ အဖြစ်အပျက်ကို ခေါင်းစဉ်ရေးပြီး နေ့စွဲ၊ ရက်စွဲ ထိုးပါ။ ထို့နောက် သင့်ကလေးအား မေးပါ။

''ဒီနေ့ သွားခဲ့တဲ့ ညှော်ခံပွဲ (သို့မဟုတ် အလည်အပတ်ခရီး) အကြောင်း သား(သမီး) ဘာတွေပြောချင်လဲ''

''ပျော်စရာအကောင်းဆုံးအချိန်က ဘယ်အချိန်လဲ''

''သား(သမီး)က ဘာဖြစ်လို့ အဲဒီအချိန်ကို ပျော်စရာအကောင်း ဆုံးလို့ ထင်တာလဲ''

သူ ပြောပြသရွေ့ကို သင်က ရေးချပါ။ ထိုစာမျက်နှာမှာပင်

mgyoe.com

mgyoe.com


ရုပ်ပုံများ၊ ဓာတ်ပုံများ၊ မဂ္ဂဇင်းများမှ ဖြတ်ထုတ်ထားသည့် ပုံများ ကပ်ပြီး သရုပ်ဖော်ပေးပါ။

နေ့စဉ်မှတ်တမ်းစာအုပ်သည် သူ အမြတ်တနိုး တန်ဖိုးထားသည့် အရာအားလုံးကို သိမ်းဆည်းရာ နေရာဌာနလည်း ဖြစ်၏။ သူအကြိုက်ဆုံး ရုပ်ပုံများ၊ ပန်းချီကားပုံများ၊ မွေးနေ့အမှတ်တရ ကတ်ပြားများ စသည်ဖြင့် အကယ်၍ သူက ဆန္ဒရှိလျှင် စာမျက်နှာတိုင်း၏ ထိပ်တွင် သူပြောသည့်အတိုင်း ခေါင်းစဉ် တပ်ပေးပါ။

❖ စာတိုက်မှ စာပို့ပေးခြင်း

စာတိုက်မှ စာများသည် လူကြီးများထံသို့ လာတတ်သကဲ့သို့ ဖြစ်နေ၏။ မူကြိုကျောင်းသားအရွယ် ကလေးငယ်များအတွက် စာတိုက်မှ တစ်ဆင့် စာလာခြင်းသည် အထူးတလည် ရင်ဖိုပျော်မြူးဖွယ် ကိစ္စ ဖြစ်၏။

ထို့ကြောင့် အခါအခွင့်သင့်တိုင်း သင့်ကလေး၏ အမည်ဖြင့် အမှတ်တရလက်ဆောင် ကတ်ပြားကလေးများကို စာတိုက်မှတစ်ဆင့် ပို့ပေးပါ။ သူ့နာမည်ဖြင့် စာတိုက်မှတစ်ဆင့် စာရောက်လာခြင်းသည် သူ့အတွက် ရင်ခုန်ကြည်နူးဖွယ် အတွေ့အကြုံတစ်ရပ် ဖြစ်ပေလိမ့်မည်။ ထိုမျှမကဘဲ သူသည် လူရာဝင်သူတစ်ဦးပါကလားဟူသော ခံစားချက်မျိုးလည်း သူ့ရင်ထဲတွင် ခိုတွယ်လာပေမည်။

❖ ဗာဟီရအလုပ်ကလေးများ တာဝန်ယူစေခြင်း

အကယ်၍ သင်ကသာ သင့်ကလေး၏ ဖွံ့ဖြိုးမှု၊ တတ်ကျွမ်းမှု၊ စိတ်ဝင်စားမှု အနေအထားများနှင့် လိုက်လျောညီထွေရှိသော အိမ်မှုကိစ္စကလေးများကို ခိုင်းမည်ဆိုလျှင် သူက ပျော်ပျော်ကြီး တာဝန်ယူကူညီပါလိမ့်မည်။ သတိချပ်ရမည်မှာ ဖော်ပြပါ သူ၏အနေအထားများနှင့် ကိုက်ညီသည့် အလုပ်များကို ခိုင်းပါမှ သူ့အနေဖြင့် တာဝန်ပေး

mgyoe.com

mgyoe.com


ချက်များကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်မည်ဖြစ်၏။ သို့မဟုတ်ပါက စိတ်ပျက်လက်လျှော့သွားနိုင်ပေသည်။

သို့ဖြစ်ရာ အောက်ဖော်ပြပါ နေ့စဉ် ဗာဟီရအလုပ်ကလေးများကို စမ်းပြီး ခိုင်းကြည့်စေလိုပါသည်။

**ကစားစရာ အရုပ်များကို သိမ်းဆည်းခိုင်းခြင်း။** ဖြစ်နိုင်လျှင် စက္ကူအိတ် သို့မဟုတ် စက္ကူဘူးများ ခွဲခြားပေးထားပါ။ တစ်ဘူးမှာ လူရုပ်ကလေးများ ထည့်ဖို့၊ နောက်တစ်အိတ်မှာ မော်တော်ကားကလေးများ ထည့်ဖို့ စသည်ဖြင့် စာအိတ် သို့မဟုတ် ဘူးပေါ်တွင် သူ့အနေဖြင့် ရုပ်ပုံများ ဆွဲထားနိုင်သည်။ သင်က အမျိုးခွဲပြီး စာတန်းများ ကပ်ပေးထားနိုင်သည်။ ကစားစရာတွေ သိမ်းချိန်တန်လျှင် အမျိုးအမည်များ ခွဲဖို့ သူ့ကို တာဝန်ပေးပါ။ သင်က ကူညီဖေးမပေးလျှင် သူသည် ထိုသို့ ပြုလုပ်ရမည်ကို ပို၍ စိတ်အားထက်သန်ပေလိမ့်မည်။

**အမှိုက်သွန်ခိုင်းခြင်း။** အမှိုက် ထည့်ထားသည့် ခြင်းသည် ကလေး ကိုင်သာစေရန် မကြီးလွန်း၊ မလေးလွန်းသင့်။ အမှိုက်ကို မည်သည့်နေရာတွင် စွန့်ပစ်ရမည်ဖြစ်ကြောင်း ရှင်းလင်းတိကျစွာ ညွှန်ကြားပါ။

**ပန်းကန်ဆေးခိုင်းခြင်း။** သူ အသုံးပြုထားသည့် ပန်းကန်ပြားနှင့် ပန်းကန်လုံးများကို ဆေးကြောခိုင်းပါ။ ဆေးပြီး ပန်းကန်များကို သွေ့ခြောက်အောင် အဝတ်ဖြင့် ပွတ်တိုက်ခိုင်းပါ။ မကွဲမရှနိုင်သော ပန်းကန်ပြား၊ ပန်းကန်လုံးများကိုသာ ဆေးကြောစေသင့်၏။

**အဝတ်အစားများ ရွေးထုတ်ခိုင်းခြင်း။** လျှော်ဖွပ်မီးပူတိုက်ထားသော အဝတ်အစားတွေထဲမှ သူ့အင်္ကျီ၊ သူ့ဘောင်းဘီ၊ သူ့ခြေစွပ် စသည်တို့ကို သက်ဆိုင်ရာနေရာများတွင် သိမ်းဆည်းနိုင်ရန် ဖြစ်၏။

mgyoe.com

mgyoe.com

**ကိုယ့်အိပ်ရာကိုယ် ခင်းနိုင်းခြင်း။** မည်သို့ ခင်းရမည်ကို ပြပေးပါ။ ကူပြီး ခင်းပေးပါ။ သူ ခင်းပုံခင်းနည်းကို ကြည့်ပြီး သင့်ဘက်က ဒီဇာမကြောင်လွန်းပါနှင့်။ ဤအလုပ်သည် ကလေးငယ်တစ်ဦးအတွက် ခက်ခဲသောအလုပ် ဖြစ်၏။ သို့ဖြစ်ရာ သည်အလုပ်ကို ညစဉ် ဆက်ပြီး လုပ်ချင်လာစေရန် အားပေးမှုနှင့် ချီးမွမ်းမှု လိုအပ်ပါသည်။

**ကိုယ့်ဘာသာကိုယ် အဝတ်အစားဝတ်စေခြင်း။** သူနှင့် သက်ဆိုင်သော အဝတ်အစားများကို သူ လွယ်လွယ်ကူကူ လက်လှမ်းမီနိုင်သည့် နေရာနိမ့်နိမ့်တွင် ထားပေးပါ။ ထို့နောက် သူ့အဝတ်အစားများကို သူ့ဘာသာသူ ယူပြီး သူ့ဘာသာသူ ဝတ်ပါစေ။

**စားပွဲခင်း နိုင်းခြင်း။** စားပွဲတစ်လုံးကို သင်ကိုယ်တိုင် နမူနာပြ ခင်းကျင်းပြင်ဆင်ပါ။ ထို့နောက် သင် ခင်းကျင်းသည့် ပုံစံအတိုင်း ဖြစ်အောင် သင့်ကလေးအား ခင်းကျင်းခိုင်းကြည့်ပါ။ ကနဦးပိုင်းတွင် သူသည် အမှားအယွင်းများ ပြုမိပါလိမ့်မည်။ သို့သော် သင်၏ အားပေးမှု၊ ချီးမွမ်းစကားဆိုမှုများကြောင့် မကြာမီအတွင်း ဖြောင့်ဖြောင့် ဖြူးဖြူး လုပ်နိုင်လာပါလိမ့်မည်။

**ပြင်ပနေရာများသို့ သွားရောက်ခြင်း။** သူတို့အတွက် စွန့်စားခန်းသည် လက်တစ်ကမ်းအကွာမှာပင် ရှိနေပါသည်။ ထို့ကြောင့် သူတို့အား အောက်ဖော်ပြပါ နေရာများသို့ ခေါ်သွားပြီး ပြသဖို့ အကြံပြုအပ်ပါသည်။

**မီးသတ်တပ်ဖွဲ့ရုံး။** မီးသတ်သမားများ မီးငြိမ်းသတ်ရာတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာများ၊ မီးသတ်ကားများကို ကြည့်ရှုလေ့လာနိုင်၏။ မီးလောင်သည့် နေရာဒေသကို မီးသတ်သမားများ မည်သို့သိရှိကြောင်း လေ့လာခိုင်းပါ။ မီးလောင်ကွင်းတွင် မီး

mgyoe.com

သတ်သမား တစ်ဦးချင်း ဘာတွေ ဆောင်ရွက်သည်ကို မေးမြန်းပြီး ရှင်းပြပါ။

**ဆောက်လုပ်ရေးလုပ်ကွက်။** တစ်နေ့တခြား တိုးတက်ပြီးစီးလာသည့် လုပ်ငန်းအခြေအနေကို သိနိုင်ရန် လုပ်ကွက်သို့ မကြာမကြာ သွားကြည့်ပါ။ စက်ယန္တရားကြီးများ ဘယ်နှမျိုး သုံးစွဲသည်ကို ရေတွက်ခိုင်းပါ။ အလုပ်သမားတစ်ဦးချင်းကို ကြည့်ပြီး ထိုအလုပ်သမား၏ တာဝန်ကို ခန့်မှန်းကြည့်ခိုင်းပါ။

**စာတိုက်။** ကိုယ့်နာမည်ကိုယ် လိပ်မူထားသည့် စာတစ်စောင်ယူသွားပြီး စာတိုက်ပုံးထဲသို့ ထည့်ခိုင်းပါ။ နောက်ပိုင်း ဘာဖြစ်လာမည်ကို စောင့်ကြည့်ခိုင်းပါ။

**တိရစ္ဆာန်ရုံ။** ဖြစ်နိုင်လျှင် အစာကျွေးချိန်တွင် သွားရောက်ကြည့်ရှုပါ။ တိရစ္ဆာန်များ အော်ဟစ်သည့် အသံမျိုးစုံကို နားထောင်ခိုင်းပါ။ တိရစ္ဆာန်များ၊ ငှက်များ ဘာတွေ စားသည်ကို သိအောင် လေ့လာခိုင်းပါ။ တိရစ္ဆာန်များ အစာစားပုံစားနည်း ကွဲပြားသည်ကို ထောက်ပြပါ။

**စာကြည့်တိုက်။** စာကြည့်တိုက်ထဲမှ စာအုပ်များကို လိုက်ကြည့်ပါ။ စာကြည့်တိုက်မှူးအား မေးမြန်းပြီး စာကြည့်တိုက်မှူး ဘာတွေ ဆောင်ရွက်သည်ကို ပြသပါ။ သင်နှင့် သင့်ကလေး တိုင်ပင်ပြီး စာအုပ်တစ်အုပ် ငှားပါ။

**သရုပ်ဆောင်ပစ္စည်းများ။** ကလေးများသည် လူကြီးများကို အတုခိုးဖို့ ဝါသနာပါကြ၏။ ယင်းသို့ အတုခိုးရင်း တာဝန်ပိုင်းအကြောင်း၊ အလုပ်အကိုင်အကြောင်းများကို သင်ယူနားလည်လာကြ၏။ ဆောင်ရွက်ရမည့် တာဝန်များ သတ်သတ်မှတ်မှတ်ရှိသည့် အရေးပါအရာရောက်သော ပုဂ္ဂိုလ်တစ်ဦးအဖြစ် သရုပ်ဆောင်ရင်း ထိုကဲ့သို့သော ပုဂ္ဂိုလ် ဖြစ်ရသည်မှာ မည်သို့ ရှိကြောင်းကို ခံစားသိရှိလာ

mgyoe.com